မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၆၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
၂၀၂၆ ခုနှစ်၊ မေ ၄ ရက်၊ တနလင်္ဂနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲကို မေလ ၁၀ ရက်အထိ ဖွင့်လှစ်ပြသမည်



ရန်ကုန် မေ ၃

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ပရိဝုဏ်အတွင်း၌ မေလ ၁၀ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲပြခန်းကို ဧပြီလ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုနိုင်ရန်အတွက် မေလ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှဆဋ္ဌသင်္ဂါယနာတင်အကြောင်းအရာများနှင့် ယနေ့ခေတ် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပြကွက် ၁၀ ကွက်ဖြင့်ပြသထားကာ ပြကွက် (၁)တွင် ဘုရားလောင်းပဋိသန္ဓေယူခန်း၊ ဘုရားလောင်းဖွားတော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ပဉ္စဝဂ္ဂိငါးဦးအား ဓမ္မစကြာတရားဦးဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်းပြကွက်၊ ပြကွက် (၂)တွင် အိန္ဒိယနိုင်ငံ၌ နှုတ်တက်အာဂုံရွတ်ဆို၍တင်တော်

စာမျက်နှာ ၅ ကော်လံ ၁ ➤

ဆောင်းပါး

တပ်မတော်၏ပညာရေးကဏ္ဍသစ် စာ - ၁၃ သို့

နှမ်းရိုးများကို သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း စာ - ၂၅ သို့

ထားဝယ်မြို့၌ တိုင်းဒေသကြီးအဆင့် သုတစုံလင်ဗုဒ္ဓဝင်စာမေးပွဲဖြေဆိုပူဇော်ပွဲကျင်းပ

ထားဝယ် မေ ၃

မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းဒေသကြီးအဆင့် သုတစုံလင်ဗုဒ္ဓဝင်စာမေးပွဲဖြေဆိုပူဇော်ပွဲကို ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မြို့မယဉ်ငေးသာသနာ့ရိပ်သာ ဓမ္မဝိသာလပရိယတ္တိစာသင်ဆောင်၌ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၃ ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်များက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ➤





အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၄ ရက်)

လူငယ်များအနာဂတ်အတွက် တပ်မတော်လူငယ်ပညာရေးကျောင်း

မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်တည်ဆောက်လျက်ရှိရာတွင် မဖြစ်မနေ ဆောင်ရွက်ပေးရမည်မှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေ အရွယ်ကလေးတိုင်းကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင်တတ်မြောက်အောင် သင်ယူနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်တိုင်းက လူဘဝ၏ပထမအရွယ်တွင် ပညာကိုကောင်းမွန်စွာ တတ်မြောက်အောင်သင်ကြားနိုင်မှသာ မိမိတို့တစ်ဦးချင်းစီ၏အနာဂတ်ကိုသာယာစေမည်ဖြစ်သလို နိုင်ငံတော်၏အနာဂတ်ကိုလည်း ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းတွင် ပညာတတ်များပေါကြွယ်သည်။ မြန်မာနိုင်ငံသည်လည်း ပညာတတ် ပေါကြွယ်သောနိုင်ငံဖြစ်စေရမည်။ ထိုသို့ဖြစ်စေရန် နိုင်ငံတော်အစိုးရက အခြေခံပညာကျောင်းများမှ စတင်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးနေသည်ကို ကျောင်းသား၊ ကျောင်းသူများက လိုက်ပါကြိုးစား လုပ်ဆောင်ကြရမည်ဖြစ်သည်။ ပညာရေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံအတွက်တန်ဖိုးအရှိဆုံးသောရင်းနှီး မြှုပ်နှံမှုပင်ဖြစ်သည်။

ယခုအခါ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ ပြင်ပမှကျောင်းနေရန်အခက်အခဲရှိသူများအတွက် တပ်မတော်ပညာရေးကျောင်းများကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းတစ်ရပ်ကို ၂၀၂၆ ခုနှစ် မေလ ၁ ရက်နေ့ထုတ်သတင်းစာများတွင် စတင်ဖော်ပြပေးထားသည်။ ဤသတင်းကောင်းသည် အခြေအနေ တစ်မျိုးမျိုးကြောင့် ကျောင်းဆက်လက်ထားရန် ခက်ခဲနေသောမိဘများအတွက် အထူးပင်တန်ဖိုးရှိလှ ပေသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 ၊ Grade-12 အတန်းပညာများကို အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)နှင့် အမှတ်(၂) တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းသား သစ်များအဖြစ်လျှောက်ထားရန် ခေါ်ယူနေခြင်းဖြစ်သည်။ ပညာတတ်မှလူရာဝင်မည်ဆိုသည့်အတိုင်း ပညာရေးကို အလေးထားသောမိဘများနှင့်သားသမီးများအတွက် အလွန်ထူးခြားသောအခွင့်အရေး ဖြစ်သည်။

ထူးခြားသောအခွင့်အရေးဟုဆိုလိုက်ခြင်းမှာ အဆိုပါကျောင်းသားလူငယ်များအနေဖြင့် အတန်းစာ များကို သင်ယူခွင့်ရရှိမည်ဖြစ်သလို ကျောင်းသားများ၏နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေး ကိရိယာနှင့်အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည်ဖြစ်သည်။ ထို့ပြင် ပညာ သင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ် လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃,၂၀၀ ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း (၅၇,၆၀၀ ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း (၇၂,၀၀၀ ကျပ်)တို့အား ခံစားခွင့်ရှိမည်ဖြစ်သည်။

ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာန နှင့်ပူးပေါင်း၍ နှစ်အလိုက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့လျှောက်ထားခွင့်ရှိသည်။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်းများ၌ ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

တပ်မတော်၏မေတ္တာစေတနာဖြင့် မိမိတို့၏ပညာရေးကိုဆုံးခန်းတိုင်သင်ယူခွင့်ရရှိသည့်အပြင် ပညာ သင်ကြားနေစဉ်အတွင်း မိမိအတွက် သတ်မှတ်ပေးထားသည့်လစာလည်း ရရှိမည်ဖြစ်သည်။ ထို့ပြင် တပ်မတော်ဆိုသည်မှာ စည်းစနစ်ခိုင်မာစွာဖွဲ့စည်းထားသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် ကျောင်းသား လူငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်သည့် စည်းစနစ်ကောင်းများရရှိမည်ဖြစ်သည်။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း လူငယ်ကျောင်းသားများအနေဖြင့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူငယ်ကလေးများဖြစ်လာမည်မှာ အမှန်ဖြစ်သည်။ ချမှတ်ထားသောစည်းကမ်းများကို တိကျစွာလိုက်နာ၍ မိမိတို့ဘဝတိုးတက်မြင့်မားရေးကို ဆောင်ရွက် ကြရမည်ဖြစ်သည်။ အောင်မြင်မှုမှန်သမျှမှာ ကြိုးစားခြင်းမှပေါ်ထွက်လာခြင်းဖြစ်သည်။ ကြိုးစားမှုမရှိဘဲ မည်သည့်အောင်မြင်မှုမှမရနိုင်သကဲ့သို့ တန်ဖိုးရှိသောလူငယ်အဖြစ်သို့လည်း ရောက်ရှိနိုင်မည်မဟုတ် ပေ။ လူငယ်များအနေဖြင့် ပညာရေးအားနည်းလျှင် အသိပညာလည်း အားနည်းနေမှာဖြစ်ပြီး နိုင်ငံတော် နှင့်တပ်မတော်အနေဖြင့် ပညာရေးကဏ္ဍကိုမြှင့်တင်၍ လူငယ်များ၏စိတ်နေစိတ်ထား(Mind Set)ကို မြင့်မားလာအောင် ဆောင်ရွက်နေခြင်းဖြစ်ပေရာ သတ်မှတ်ထားသည့်အရည်အချင်းနှင့်ကိုက်ညီသည့် ကျောင်းသားများအနေဖြင့် တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်သင်ကြား ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန် ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူ အား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ကြိုပင်ကောက်မြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကြိုပင်ကောက် မေ ၃

ပဲခူးတိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ် ထောက်ကြံ့တောကျေးရွာ၌ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက် နေမှုအခြေအနေများကို မေလ ၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြိုပင်ကောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ နှင့်အတူ ထောက်ကြံ့တောကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပုံပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါထောက်ကြံ့တောကျေးရွာ ကျေးရွာတွင်း လမ်းအရှည် ၄၈၅ ပေ၊ အကျယ် ၂ ပေ ၆ လက်မ၊ ထု ၆ လက်မ နှစ်ဘီးသွားကွန်ကရစ်ဘီးလမ်း ခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပုံပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

သန်းလွင်(မကွေး)

သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၅-၂၀၂၆(တနင်္လာနေ့)

၁။	၀၉:၀၀ Sport News	၄။	၁၆:၄၀ I Music
၂။	၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်	၅။	၁၈:၂၀ ဂုဏ်ယူအလွမ်း
၃။	၁၅:၀၀ Jumping For You	၆။	၂၂:၂၀ Goodnight Listeners

မြဝတီ ခေတ်စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအောမြေ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအောမြေသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင်သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြေ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြောင်းမြမြို့နယ်၌ ပဲတီစိမ်းဧကအားလုံးခူးဆွတ်ပြီးစီး တစ်ဧကလျှင် ၂၁ ဒသမ ၂ တင်းခန့်ထွက်ရှိ

မြောင်းမြ မေ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ခူးဆွတ်ပြီးစီးပြီး တစ်ဧကလျှင် ၂၁ ဒသမ ၂ တင်းခန့်ထွက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၈က ၈၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် မတ်လပထမပတ်က စတင်ခူးဆွတ်ခဲ့ရာ လက်ရှိတွင် ပဲတီစိမ်း ၈က ၈၂၀ ခူးဆွတ်ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၁ ဒသမ ၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

''ပဲတီစိမ်းကို ၈က ၈၂၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ပဲတီစိမ်း ၈က ၈၂၀ ခူးဆွတ်ပြီးဖြစ်ပါတယ်။ ပဲတီစိမ်းကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ မစိုက်ပျိုးမီ အချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာက သီးနှံများ လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဆောင်းသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတကျော်

နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာ Basic Grammar သင်တန်း ဆက်လက်ဖွင့်လှစ်သင်ကြား



ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး အင်္ဂလိပ်စာ Basic Grammar သင်တန်းကို မေလ ၂ ရက်က ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

သင်တန်းတွင် သင်တန်းနည်းပြဆရာမ ရွှေယဉ်နု (ပညာရေး)က အင်္ဂလိပ်စာအခြေခံဖြစ်သည့် Noun၊ Pronoun နှင့် ပတ်သက်သည်များ၊ လူအသုံးအဆောင် ပစ္စည်းများ၏ အင်္ဂလိပ်စာ အခေါ်အဝေါ်များကို သင်ကြားပေးပြီး အင်္ဂလိပ်အသံထွက်မှန်ကန်စေရန် သင်ကြားပေးသည့်အပြင် သင်ကြားတတ်မြောက်မှုများကိုလည်း ဆန်းစစ်ပေးခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ဧပြီလ ၂၄ ရက်မှ စတင်၍ တစ်လကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဇော်မိုး (သဃ်န်းကျွန်း)

ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသိန်းခွဲကျော် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်

ရန်ကုန် မေ ၃

ယခုဘဏ္ဍာနှစ်တွင် ပြည်တွင်းမှထွက်ရှိသော ရော်ဘာတန်ချိန် သုံးသိန်းခွဲကျော်ကို ပြည်ပသို့ တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်၏ပြောကြားချက်အရ သိရသည်။

ပြည်တွင်းမှထွက်ရှိသော ရော်ဘာများကို နှစ်စဉ် တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ အိန္ဒိယနှင့် တောင်ကိုရီးယား စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်က တန်ချိန်သုံးသိန်းခန့်တင်ပို့နိုင်ခဲ့ကာ ယခုဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် သုံးသိန်းခွဲကျော် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံတွေကို ရော်ဘာတန်ချိန် သုံးသိန်းဝန်းကျင်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ရရှိခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်မှာတော့ တန်ချိန် သုံးသိန်းခွဲကျော် တင်ပို့နိုင်အောင် လျာထားဆောင်ရွက်နေပါတယ်။ တင်ပို့တဲ့နိုင်ငံတွေထဲမှာ တရုတ်နိုင်ငံကို ၇၅ ရာခိုင်နှုန်းအထိ တင်ပို့နေပါတယ်။ မလေးရှား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဂျပန် စတဲ့နိုင်ငံတွေကိုလည်း အနည်းငယ်တင်ပို့ပါတယ်"ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

ပြည်တွင်း၌ အရည်အသွေးပြည့်မီသော အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်ကာ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရန် နိုင်ငံအတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များကို နိုင်ငံတော်မှ ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

လက်ရှိ နိုင်ငံတစ်ဝန်း၌ ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းကျော်ရှိသည့်အနက် မွန်ပြည်နယ်၌ အများဆုံးစိုက်ပျိုးထားကာ ဒုတိယအများဆုံးမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအများဆုံးမှာ ကရင်ပြည်နယ်ဖြစ်ကြောင်း၊ ထို့ပြင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ ဒေသတချို့၌လည်း ရော်ဘာများ စိုက်ပျိုးထားကြောင်း သိရသည်။

ဆောင်းဦး

မြဝတီ ကာတွန်း



ကမ္ဘဖလ

တင့်တယ်



ယမန်နေ့မှအဆက်

ပထမသုံးလေးလတွင်ကား ကျွန်ုပ်၏ဖခင်သည် ဇာတ်ကျ၍ရသောငွေကလေးများကို ရောက်လေရာမှ မှန်မှန်ကန်ကန်ပို့၏။ ကျွန်ုပ်၏မိခင်လည်း ကျွန်ုပ်အား ကကြီး၊ ခခွေးအစ၊ ဘုရားရှိခိုးအစ သင်ကြားပေးရင်း ဖြစ်ရာဘဝ၌နေ၍ ဖြစ်အောင်နေရှာ၏။ သို့သော် ကျွန်ုပ်၏ဖခင် ဇာတ်ရောက်လေရာ၌ ယိမ်းသမနှင့် ဖြစ်ချင်တိုင်းဖြစ်၍ နေသည်ကိုမူကား အတွင်းကျိတ်သာလျှင် ဆွေးမြည့်နေရှာသည်မှာ တစ်နေ့ထက်တစ်နေ့ ညှိုးငယ်သွားပုံက သက်သေခံ၍နေ၏။ အသက်အားဖြင့် ၂၃ နှစ်ခန့်မျှသာရှိသေးသော ကျွန်ုပ်၏မိခင်သည် အရိုးပေါ်အရေတင်လှခမန်းဖြစ်လျက် အမှုမဲ့ကြည့်ပါက ပါးရိုးငေါငေါ၊ မေးရိုးပေါ်ပေါ်နှင့် အမယ်အိုသဖွယ် ထင်ရပေသည်။ အကယ်၍သာ ကျွန်ုပ်၏အဘိုးသည် သနားညှာတာစိတ်ကလေးနှမ်းစေ့တစ်စေ့ခန့်ရှိပါက ကျွန်ုပ်၏မိခင်မှာ လှလှပပ ဝဝဖြိုးဖြိုးနှင့် ဝတ်စားဆင်ယင်ကာ နေရလိမ့်မည်ဟု ကြီးရင့်စဖြစ်သော ကျွန်ုပ်၏စိတ်၌ တွေးမိသော အခါတွင် ရက်စက်လှသောအဘိုးကို ဒေါသဖြစ်မိပြန်လေသည်။

သို့နှင့်ပင် အိမ်ကုပ်ကလေး၌ သားအမိနှစ်ယောက် နေထိုင်ခဲ့ကြသည်တွင် ကျွန်ုပ်၏ဖခင်သည် ဗွေဆိုးဖောက်လျက် ဇာတ်ကျ၍ရသောငွေကလေးများကို ယိမ်းသမအား ပုံပိုးနေရသဖြင့် မိခင်ထံသို့ အပေးအကမ်း မမှန်တစ်ချက် မှန်တစ်ချက်ဖြစ်လာပြန်လေတော့သည်။ မူလ မှန်မှန်ပေးစဉ်ကမှပင် သားအမိနှစ်ယောက် ခြစ်ခြစ်ခြုတ်ခြုတ် မနည်းကြီး ကြံဖန်၍ နေကြရပေရာ ယခုကဲ့သို့ ငွေအပေး ထိုးထိုးထွန့်ထွန့် ဖြစ်လာသောအခါ၌ကား ကျွန်ုပ်တို့သားအမိမှာ ထမင်းငတ်မည့်ကိန်းကို ကြုံကြရတော့၏။ ထို့ကြောင့် ဖခင်သဘင်သည်၏ ပေးစာကမ်းစာကလေးများဖြင့် မလောက်မငဲ မွဲတေစွာနေရသည်၌ မိခင်သည် သားအမိနှစ်ယောက် အသက်ဓာတ်မီးကလေး မငြိမ်းအောင် မွေးမြူနိုင်စေခြင်းငှာ လမ်းဘေးသို့ထွက်၍ တောမှလာသော ဟင်းရွက်သည်၊ ဈေးသည်တို့အား မုန့်ပျားသလက်လုပ်၍ရောင်းကာ တစ်ဖက်တစ်လမ်းမှ ကြိုးစားရရှာပြန်လေတော့သည်။

(မွဲချင်တဲ့ခွေး ပြာပုံလူးလိုက်တာ ခုတော့ ကြည့်ပါလား ... မင်းကတော် ကျွန်ုပုံပေါက် ခွေးလောက်မှ မကောင်းတော့ဘူး။ ကျွန်စုပ်စတဲ့သရက်စေ့ကမှ ပြောင်သေးတယ် ...) စသည်ဖြင့် ကျွန်ုပ်၏မိခင်အား ဆိုချင်သူရှိလျှင် ဆိုနိုင်သောအခြေကို ဆိုက်ခဲ့ပေပြီ။ ဆိုချင်သူရှိက ဆိုနိုင်ပေ၏။ သို့သော် ကျွန်ုပ်၏မိခင်ကိုကား ကျွန်ုပ် အဘယ်သို့မှ အပြစ်မတင်လိုပေ။ မိုက်သည်ဟုလည်း မဆိုချင်ပေ။ ဆယ်သက်ပြန်စား၍ မကုန်နိုင်သောပစ္စည်းများကို မမက်မောဘဲ အချစ်ကိုသာ ပဓာနထားခဲ့မိသော ကျွန်ုပ်မိခင်သည် အမှားကြီးမှားခဲ့၏။ (မှားသည်) နှင့် (မိုက်သည်) မှာ တခြားစီဖြစ်ပေသည်။ မိခင်သည် မှား၏၊ မမိုက်ပေ။ လောကတွင် မမှားသောသူ မည်သူရှိပါသနည်း။ အရင့်အမာဘုရားလောင်းများပင် မှားခဲ့ကြ၍ ဝဋ်တော် ၁၂ ပါးစသည်တို့ ကျမ်းဂန်စကားတွင် အထင်အရှားရှိသည်မဟုတ်ပါလော။ မိခင်မှား၏။ သူ့အမှားကိုလည်း သူသိ၏။ သို့သော် အမှားမှထွက်လာသော ဆိုးကျိုးဟူသမျှတို့ကို အံကြိတ်၍ခံ၏။ ကြည်း၍ ခံ၏။ ခါးစည်း၍ ခံ၏။ မိခင်၏ဗျတ္တိစိတ်ကို ကျွန်ုပ်တွေးမိတိုင်း အံ့သြမိပေသည်။ မိခင်သည် မှား၏။ မမိုက်။ မိုက်သည်ကား ကျွန်ုပ်၏အဘိုးနှင့် ကျွန်ုပ်၏ဦးလေးများသာ ဖြစ်ကြပေသည်။ မိခင်၏အမှားမျိုးမှာ လူတကာတို့ မှားနေကြသော အမှားမျိုးသာဖြစ်၏။ အဘိုး၏စည်းစိမ်မျှမကသော ရွှေနန်းစည်းစိမ်ကိုပင် အချစ်အတွက် စွန့်လွှတ်သူ ဘုရင်ပေါင်းအမြောက်အမြား ရှိ၏။ ဘုရားအလောင်းကုသမင်းပင်လျှင် အချစ်အတွက် ရွှေနန်းကိုခွာ၍ အိုးဖုတ်၊ ဖျာရက်၊ ထမင်းချက်လုပ်ခဲ့၏။ နောင်အခါ ရွှေနန်းအား ပြန်စိုးစံရသည်ကို ဖယ်၍ထား ... ဘုရားအလောင်း ဘုရင်ရင့်မာကြီးကပင် ထမင်းချက်ခန်တမာလုပ်ခဲ့သေးလျှင် ကျွန်ုပ်၏မိခင်သည် မုန့်ပျားသလက်ရောင်းရသောအဖြစ်မျိုးကို ရောက်ခဲ့ရသည်မှာ မဆန်းလှ။ သို့သော် ဤအဖြစ်မျိုးမှ ကင်းလွတ်နိုင်စေရန် ကယ်ဆယ်နိုင်သော အစွမ်းလည်းရှိ၊ သမီးရင်း၊ နှမရင်းချာ သွေးသားစစ်ဖြစ်နေသည်လည်း မှန်ပါလျက်နှင့် ကျွန်ုပ်၏အဘိုးနှင့် ဦးလေးများက ယခုကဲ့သို့ ရက်ရက်စက်စက်ကြည့်၍ နေရက်ကြသည်မှာ ဥာတကာနံ ဘုရားဟောကို ဇီလာပြုလျက် အမိုက်ကြီးမိုက်ကြခြင်းသာဖြစ်သည်ဟု ကျွန်ုပ်ဆိုချင်တော့သည်။ ထားဦးတော့။ ဤသို့ ဆင်းရဲဒုက္ခတွင်းဆုံးကျနေသောအခါ၌ ကျွန်ုပ်၏ဝိညာဉ်တွင် ဒုတိယတစ်ထစ် သင်တုန်းဓားနှင့်ထစ်၍ မှတ်သားလိုက်သလို ဖြစ်ခဲ့ရသော ဒုတိယအကြောင်းကို ရေးရပေဦးမည်။

မှတ်မိသေး၏။ မိုးတွေရွာသော နေ့တစ်နေ့၏ ညနေပိုင်းဖြစ်လေသည်။ ညစာထမင်းစားရန်အချိန်သို့ရောက်လာသောအခါ ကျွန်ုပ်သည် မိုးရေထဲ၌ လျှောက်၍ ပြေးလွှားကစားရာက ထမင်းဆာဆာနှင့် အိမ်ထဲသို့ဝင်ခဲ့၏။ အဝတ်လဲပြီးနောက် "ထမင်းဆာတယ်မေမေ" ဟု မိခင်အား ပြောလိုက်၏။ မြေမီးဖို ကလေးအနီး၌ မှိုင်တွေချကာ စိတ်ပျက်လက်ပျက်ကြီး ထိုင်၍နေရှာသောမိခင်သည် ကျွန်ုပ်အား မျက်ရည်များဝဲလျက် ကြည့်ရှာပြီးနောက် သံပန်းကန်ပြား၌ နံနက်က ရောင်း၍မကုန်သော မုန့်ပျားသလက် ကလေးနှစ်ချပ် အေးစိအေးစက်နေသည်ကို ဆားကလေးဖြူး၍ "သားရယ် မေမေတို့မှာ ဒီညနေဆန်ကုန်နေတယ်ကွယ်၊ ဒီမုန့်ကလေးတွေကိုပဲ စားနော်၊ မနက်ဖြန်မနက်တော့ မေမေဆန်ဝယ်ပြီး ထမင်းချက်ကျွေးမယ်ကွယ် ... ဟုတ်လား"ဟု ပြောရှာ၏။ ကျွန်ုပ်ကား ကလေးအရွယ်သာ ဖြစ်သေးသော ကြောင့် ထမင်းကိုသာ ပူဆာလေသည်။ ဤတွင် မိခင်မှာ မျက်ရည်ဖြိုင်ဖြိုင် မိုးနှင့်အပြိုင်ကျလျက် "နက်ဖြန်ကျတော့မှ စားပါကွယ် သားရယ်၊ ခုညတော့ ဒီမုန့်ကလေးကိုပဲ စားပါကွယ်နော်။ မနက်ဖြန်ကျရင် ငါ့သားဖို့ ထမင်းတွေအများကြီး မေမေချက်ကျွေးပါ့မယ်ကွယ်"ဟု မချိတင်ကဲ ဆိုရှာပေသည်။

ကျွန်ုပ်ကား မိုက်သေးသော ငါးနှစ်သားအရွယ်မျှသာ ရှိပေသေးသည်။ ထို့ကြောင့် "မုန့်မစားဘူး မေမေ၊ ထမင်းပေးပါ၊ ထမင်းပေးပါ"ဟု ပူဆာမိ၏။ ထိုအခါတွင် မိခင်သည် သံပန်းကန်ပြားကို ကျွန်ုပ်၏ရှေ့သို့ ထိုးပေးရင်း "စားချင်စား မစားချင်နေ မင့်သဘောပဲ" ဟု ခပ်မာမာဆိုရှာ၏။ ဤမျှ ကိုယ်ဆင်းရဲစိတ်ဆင်းရဲ နေရရှာသော မိခင်သည် ကျွန်ုပ်အား အသက်ဦးသည်းချာပမာ ချစ်ရှာသော်လည်း အသို့လျှင် စိတ်ရှည်နိုင်ရှာပါမည်နည်း။

ထိုသို့ မိခင်က ခပ်ဆောင့်ဆောင့်ပြောလိုက်သော အခါ မိုက်မဲဆဲအရွယ်ဖြစ်သော ကျွန်ုပ်သည် သံပန်းကန်ပြားထဲမှ မုန့်တစ်ချပ်ကိုယူ၍ မိုးရေထဲသို့ လွှင့်ပစ်လိုက်ရင်း "မစားဘူး၊ မစားဘူး ... ထမင်းစားမယ်" ဟု စိတ်ကောက်ကာ ခြေဆောင့်၍ငိုလိုက်ရာ ကျွန်ုပ်၏မိခင်သည် ဘာမပြော ညာမပြောနှင့် ကျွန်ုပ်အား တုန့်၍ ဆွဲလိုက်ပြီးလျှင် မီးဖိုမှ ဝါးခြမ်းစတံညှပ်ဖြင့် တင်ပါးကို သုံးလေးချပ် ခတ်ဆတ်ဆတ် ရိုက်ရင်း ပါးစပ်မှလည်း "ဟင်း အမိုက်အိုး ... အဖေသွေးပါလို့ မိုက်တာလား ... ဟင် ... ဒီမုန့်တွေကို ငါတောင် မစားရက်ဘူး အတော်ခံနေရတာ။ အခု မင်းက လွှင့်ပစ်တယ် ဟင် ... မုန့်ညက်နဲ့ထန်းလျက်ရည်ဖျော်ပြီး သားရှိပေမယ့် နက်ဖြန်ကျရင် မုန့်တစ်ချပ်ကို ပိုက်ဆံတစ်ပြားလျော့မှာစိုးလို့ မုန့်အသစ်တောင် လုပ်မစားရက်ဘူး၊ ဒါကို မင်းက လွှင့်ပစ်တယ် ကဲ ပစ်ဦး ပစ်ဦး" ဟု မခံမရပ်နိုင် ဆိုရှာပါသည်။

ကျွန်ုပ်လည်း ထွန့်ထွန့်လူးအောင် အော်ဟစ်၍ ငိုလေတော့သည်။ တင်ပါး၌ အရိုးရာများလည်း မိုးရေစိမ်ထားသော အသားပုံဖြစ်သဖြင့် ချက်ချင်း ဖောင်းကြွနီရဲလာ၏။ အရိုးများ ကြွလာသည်ကို မြင်သည့်အခါ၌ မိခင်သည် ကျွန်ုပ်အား ရင်ခွင်၌ တင်းကျပ်စွာပွေ့ဖက်ပြီးလျှင် အပြန်ပြန်အလှန်လှန် နမ်းရှုပ်ရင်း မချိမဆံ့ အသံကြီးဖြင့် "ကံဆိုးလှချည့် ကလား သားရယ် ...၊ မေမေ မင့်ကို မရိုက်စဖူး ရိုက်မိတာ မှားပြီကွယ်၊ ငါ့သားလေး အရိုးတွေတောင် ထင်ကုန်ပါပြီ သားလေးရယ်၊ မေမေ ရင်ကွဲရချည်ရဲ့ ကွယ်၊ ငါ့သားကို မောင်ကံကောင်းလို့ နာမည်ပေးထားတာနဲ့မှ မလိုက်ပါကလားကွဲ့ ... သားရဲ့" ဟု လှိုက်လှိုက်လဲ့လဲ့ ချုံးပွဲချ၍ ငိုရှာလေတော့သည်။ မိခင်၏မျက်ရည်နှင့် ကျွန်ုပ်၏ မျက်ရည်တို့သည် ပါးပြင်များအကြား၌ ရောစပ်နေကြ၏။ ထိုစဉ်တွင် အင်ဖက်၊ သက်ငယ် ခေါင်မိုးပေါက်နေသည်က ကျဆင်းလာသော မိုးရေစက်တို့သည်လည်း ကျွန်ုပ်၏မျက်ရည်များတွင် ဝင်ရောက်ရောနှောကြလေသေးသည်။

ဆက်လက်ဖော်ပြပါမည်။

ပူတာအိုမြို့နယ်၌ ရဝမ်ရိုးရာအက သင်တန်းဆင်းပွဲကျင်းပ



ပူတာအို မေ ၃

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကြီးမှူးဖွင့်လှစ်သော ရဝမ်ရိုးရာအက သင်တန်းဆင်းပွဲကို မေလ ၂ ရက်က ပူတာအိုမြို့နယ် ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ် ခရန်ခူးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးဖုန်ရိမင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဒခွမ်ဓိန်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားကာ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးဒိန်ခန်ဒူဆင်က သင်တန်းဖွင့်လှစ်ခဲ့မှုနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှု အသင်းဥက္ကဋ္ဌ ဦးဒခွမ်ဓိန်နှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပေးအပ်ပြီး နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများက သင်တန်းတွင် သင်ကြားခဲ့သော ရဝမ်တိုင်းရင်းသားများ၏ ရိုးရာအကလေးမျိုးဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါသင်တန်းတွင် ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ နောင်မွန်း၊ ပန်နန်းဒင်မြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းနည်းပြများက ရဝမ်တိုင်းရင်းသားများ၏ ရိုးရာအကဖြစ်သည့် ပဟလာမ်အက၊ ဖမလာမ်အက၊ အဇီးလာမ်အက၊ မနောအကနှင့် ပုံလွတ်အကတို့ကို သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ ဧပြီလ ၂၇ ရက်မှ မေလ ၂ ရက်အထိဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့







ခ ရှေ့ဖုံးမှအဆက်

မူခဲ့ကြသည့် သင်္ဃိယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမသင်္ဃိယနာတင် ပြကွက်၊ ဒုတိယသင်္ဃိယနာတင် ပြကွက်၊ တတိယသင်္ဃိယနာတင်ပြကွက်၊ ပြကွက်(၃)တွင် သီရိလင်္ကာနိုင်ငံ၌ ပေထက်အက္ခရာတင်ခဲ့သည့် စတုတ္ထသင်္ဃိယနာတင်ပြကွက်နှင့် မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်းမင်းကြီး လက်ထက် ကျောက်ထက်အက္ခရာတင်ခဲ့သည့် ပဉ္စမသင်္ဃိယနာတင်ပြကွက်ကို ကုသိုလ်တော် ဓမ္မစေတီများနှင့်အတူ ပြသခြင်း၊ ပြကွက်(၄)တွင် ဆဋ္ဌသင်္ဃိယနာတင်ရန် မဟာပါသာဏလိုဏ်ဂူတော်တည်ဆောက်မှုမှတ်တမ်း၊ ဖွားဖက်တော် အဆောက်အအုံကိုးခုနှင့်ဆဋ္ဌသင်္ဃိယနာတင် အခမ်းအနားကျင်းပနေသည့် မှတ်တမ်းများ၊ ပြကွက် (၅)တွင် ထေရဝါဒငါးနိုင်ငံမှ သံဃာ့ရာဇာခြောက်ပါးနှင့် ဆဋ္ဌဝန်ဆောင် ဆရာတော်ကြီး ၂၄ ပါး၊ ညောင်ရမ်းဆရာတော်၊ မစိုးရိမ်ဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်တို့၏ ရုပ်တုများ၊ ဒါယကာဦးနု၏ ကိုယ်တစ်ပိုင်းရုပ်တု၊ ဆာဦးသွင်၏ကိုယ်တစ်ပိုင်းရုပ်တု၊ ပြကွက်(၆)တွင် ဆဋ္ဌသင်္ဃိယနာတင်ရာတွင် ဆဋ္ဌသင်္ဃိယနာတင်ပွဲဖိတ်ကြားစာ၊ ဆဋ္ဌသင်္ဃိယနာတင်ရာတွင် တပ်ဆင်အသုံးပြုခဲ့သောတံဆိပ်များ၊ ဆဋ္ဌသင်္ဃိယနာတင်ပွဲတွင် မင်းကွန်းဆရာတော်ဘုရားကြီးအား ဆက်ကပ်ခဲ့သော ဆင်စွယ်ယင်ပဝန်း၊ ဆရာတော်ကြီးများ ဆွမ်းဘုဉ်းပေးရန် အင်္ဂလန်မှ မှာယူသည့်ပန်းကန်ခွက်ယောက်များ၊ ဇွန်းများ၊ ဆရာတော်ကြီးများ၏အသုံးအဆောင်ပစ္စည်းများ၊ ပြကွက်(၇)တွင် အခြားနိုင်ငံများမှလှူဒါန်းသော ပစ္စည်းများပြကွက်၌ ထိုင်းပြခန်းမှပြသထားသော ဓာတ်ပုံလေးပုံ၊ ထိုင်းပေ ၁၀ ချပ်၊ ကမ္ဘောဒီးယား၊ လာအို၊ တိဗက်(တရုတ်)တို့မှလှူဒါန်းပစ္စည်းများ၊ လာအိုစေတီများ၊ အိန္ဒိယသံအမတ်ကြီး လှူဒါန်းသော ဆင်းတု၊ ဆဋ္ဌသင်္ဃိယနာတင်ကာလအတွင်း အိန္ဒိယနိုင်ငံမှ လှူဒါန်းခဲ့သော ရုပ်တု၊ သီရိလင်္ကာပြခန်း၊ နံရံကပ်ပန်းချီပုံ၊ ပြကွက်(၈)တွင် ရှေးပုံနှိပ်စက်များ၊ ခဲစာလုံးများ၊ ပိဋကတ်တော်ဆိုင်ရာပုံနှိပ်စာအုပ်မူသုံးမျိုး၊ ပြကွက်(၉)တွင် အဋ္ဌကထာပြခန်းသီးသန့်ပြုလုပ်ခြင်း၊ အဋ္ဌကထာစာအုပ်များထုတ်ဝေရန် ဆရာတော်ကြီး ဩဝါဒပေးခြင်း၊ စာစီစာရိုက်ခြင်း၊ အကြီးအကဲအား ပြည်ထောင်စုဝန်ကြီး စာအုပ်ပြနေသောပုံ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဆောင်ရွက်နေသော အင်္ဂလိပ်ဘာသာပြန်နေသောပုံများ၊ ပါဠို၊ မြန်မာအဘိဓာန်စာအုပ်များ (၂၅)တွဲ ၂၉ အုပ်၊ ပါဠို-မြန်မာ-အင်္ဂလိပ်ဘာသာပြန်စာအုပ်များ၊ ပြကွက်(၁၀)တွင်သာသနာတော်ဆက်လက်အခွန့်ရှည်တည်တံ့ခြင်းအထိမ်းအမှတ်ကိုရည်ရွယ်၍ တည်ထားကိုးကွယ်ပူဇော်သော သာသနိကအဆောက်အအုံများ၏ ပြကွက်များပြသထားသည်။

သင်္ဃိယနာကို သာသနာသက္ကရာဇ် ၁ ခုနှစ်တွင် ပထမအကြိမ်၊ သာသနာသက္ကရာဇ် ၁၀၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် တတိယအကြိမ်၊ သာသနာသက္ကရာဇ် ၄၅၅ ပြည့်နှစ်တွင် စတုတ္ထအကြိမ်၊ သာသနာသက္ကရာဇ် ၂၄၁၅ ခုနှစ်တွင် ပဉ္စမအကြိမ်၊ သာသနာနှစ် ၂၄၈၈ ခုနှစ် (ခရစ်နှစ် ၁၉၅၄ ခုနှစ်) ဝန်ကြီးချုပ်ဦးနုလက်ထက်တွင် ဤမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ မြန်မာနိုင်ငံမှ ညောင်ရမ်းဆရာတော်ကြီး ဘဒ္ဒန္တရေဝတနှင့် မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တသူရိယာဘိဝံသတို့အမျှူးပြုသော ပြည်ပထေရဝါဒလေးနိုင်ငံနှင့် အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန် နိုင်ငံအပါအဝင် သံဃာတော်အပေါင်း ၂၅၀၀ တို့က နှစ်နှစ်တိုင်စုပေါင်းရွတ်ဆို၍ ဆဋ္ဌသင်္ဃိယနာတင်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် နှစ်ပေါင်း (၇၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဆဋ္ဌသင်္ဃိယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲကို ဗုဒ္ဓရှင်တော်မြတ်၏ မူလသာသနာတော်တည်တံ့ခိုင်မြဲပြန့်ပွားစေရန်၊ ဗုဒ္ဓသာသနာတော်ကို သင်္ဃိယနာတင်ပွဲများ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ခဲယဉ်းစွာကျင်းပပြီး ထိန်းသိမ်းခဲ့ပုံကို သိမြင်နိုင်စေရန်နှင့် အထောက်အထားများ ပြည့်စုံစွာသိရှိနိုင်စေရန်၊ ဆဋ္ဌသင်္ဃိယနာတင် ခြင်းနှင့်ပတ်သက်သောအကြောင်းအရာ အချက်အလက်များ ပြည့်စုံစွာသိရှိနိုင်စေရန်၊ ထေရဝါဒဗုဒ္ဓသာသနာတော်တည်တံ့ခိုင်မြဲစေရန် ဆရာတော်၊ သံဃာတော်ကြီးများ၊ နိုင်ငံတော်အစိုးရနှင့်တိုင်းသူပြည်သားများက ခေတ် အဆက် ဆက် တွင်ဘက်ပေါင်းစုံမှကြိုးစား၍ ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ခဲ့ပုံများကို လေ့လာသိရှိကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်တိုင်းတွင် အလားတူတာဝန်ရှိသည်ကို သိမြင်နိုင်စေရန်ရည်ရွယ်ချက်ဖြင့်ပြသကြောင်း သိရသည်။ **မြဝတီ**

လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးသွားရောက်

နေပြည်တော် မေ ၃

ပြင်ဦးလွင်၊ အင်းလေး၊ နေပြည်တော်၊ ငွေဆောင်နှင့် ချောင်းသာလူရည်ချွန်စခန်းတို့သို့ လေ့လာရေးခရီးသွားရောက်ကြမည့် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် နဝမတန်းလူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၉၆ ဦး၊ ဒသမတန်းလူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦး၊ ဧကာဒသမတန်းလူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၁၃၃ ဦး၊ ဒွါဒသမတန်းလူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၉၉ ဦး၊ တက္ကသိုလ် ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၂၈၁ ဦး စုစုပေါင်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၇၅၁ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမ ၁၀၂ ဦး တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံများသို့ သွားရောက်လေ့လာကြပြီး လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။



ယင်းနောက် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် သူရဲကောင်းဗိမာန်နှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

လူရည်ချွန် အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ပြင်ဦးလွင်လူရည်ချွန်စခန်း၊ ဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် အင်းလေးလူရည်ချွန်စခန်း၊ ဧကာဒသမတန်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် ငွေဆောင်လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် နေပြည်တော်လူရည်ချွန်စခန်း၊ ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် ချောင်းသာ လူရည်ချွန်စခန်းတို့သို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

ကြံခင်းမြို့နယ် အုတ်ပုံအရွှေ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ကြံခင်း ဧပြီ ၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကြံခင်းမြို့နယ် အုတ်ပုံအရွှေ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေလ ၃ ရက်တွင် ဆောင်ရွက်သည်။


ရှေးဦးစွာ မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကြံခင်းမြို့နယ် တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်က ရက် ၁၀၀ စီမံချက်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသင်းက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးရွာကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ စီမံကိန်းရန်ပုံငွေကို ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု၏ အရေးပါပုံများကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဦးစားပေးလုပ်ငန်း ရွေးချယ်ဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၈ သန်း အသုံးပြု၍ ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အထွေး



ပြည်မြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများ၌ နှင်းသီးများလှိုင်လှိုင်ထွက်ရှိကာ အရောင်းအဝယ်ကောင်းမွန်



ပြည် ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများ၌ နှင်းသီးများ လှိုင်လှိုင်ထွက်ရှိကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ကျေးရွာများ၌ နှင်းသီးပင်များကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ထွက်ရှိလာသောနှင်းသီးများကို ပြည်မြို့စည်ပင်သာယာမြို့မဈေးကြီးနှင့် တခြားဈေးများ၌ ရောင်းချကြကာ စားသုံးသူများက နှစ်သက်စွာ ဝယ်ယူစားသုံးကြသောကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

နှင်းသီးသည် နွေရာသီနှင့် မိုးဦးကျခါနီး အချိန်များ၌ သီးလေ့ရှိသော ရာသီပေါ်သီးနှံတစ်မျိုးဖြစ်ကြောင်း၊ အသီးပုံစံမှာ ခေါင်းလောင်းပုံသဏ္ဌာန်ရှိပြီး ချိုမြသော အရသာရှိ၍ အရည်ရွှမ်းကာ ရေတစ်ပြေစေသည်။ ထို့ပြင်ကယ်လိုရီနည်းပါးခြင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝခြင်း၊ ဗီတာမင် -C ဓာတ် ကြွယ်ဝခြင်းတို့ကြောင့် ကျန်းမာရေးကို များစွာအထောက်အကူပြုပြီး ဘေးထွက်ဆိုးကျိုးမရှိသော သစ်သီးဖြစ်၍ အရွယ်သုံးပါးမရွေးစားသုံးနိုင်ကြောင်း သိရသည်။

လက်ရှိ ပြည်မြို့စည်ပင်သာယာမြို့မဈေးကြီးနှင့် တခြားဈေးများ၌ နှင်းသီးအရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။**ဆောင်းဦး**

ပဲခူးမြို့၌ အခြေခံကွန်ပျူတာသင်တန်း ပန်းချီသင်တန်းနှင့် ဂစ်တာတီးသင်တန်းများဖွင့်လှစ်

ပဲခူး ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီ၏ဦးဆောင်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အခြေခံကွန်ပျူတာသင်တန်း၊ ပန်းချီသင်တန်း၊ ဂစ်တာတီးသင်တန်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းသင်တန်းများကို ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီး လူငယ်စင်တာ၌ မေလ ၂ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့သင်တန်းများဖွင့်လှစ်သင်ကြားရာ၌ ပန်းချီသင်တန်းတွင် ၅၆ ဦး၊ အခြေခံကွန်ပျူတာသင်တန်းတွင် ၄၀ ဦး၊ ဂီတာတီးသင်တန်းတွင် ၂၂ ဦး တက်ရောက်သင်ကြားကြပြီး ကိုယ်ကာယလေ့ကျင့်ခန်းသင်တန်းကိုလည်း တက်ရောက်လျက်ရှိကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများသည် နိုင်ငံတော်၏အနာဂတ်၊ နိုင်ငံတော်၏ အင်အား၊ နိုင်ငံတော်ကို တည်ဆောက်မည့်သူများဖြစ်သဖြင့် လူငယ်ကဏ္ဍကို မြှင့်တင်ပေးရန်နှင့် အမှန်တကယ်ပညာပြည့်ဝအောင်၊ လူတော်လူကောင်းများဖြစ်အောင်ဆောင်ရွက်ပေးရန် ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်ရမည့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဦးဆုံး လုပ်ငန်းစဉ်များအား ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ဦးဆောင်မှုဖြင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနသည် ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို မေလ ၂ ရက်မှ ဇွန်လ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(၄၁၀)

နောင်ချိုမြို့နယ်၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နောင်ချို ဧပြီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ၏ခွင့်ပြုငွေဖြင့် ခဲဖာကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို မေလ ၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးဝင်းနှင့် တာဝန်ရှိသူများက ခဲဖာကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်



စံညွှန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ခဲဖာကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း ၆ ဖာလုံနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သော ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် အလျား ၂၅ ပေ၊ အနံ ၃ ပေ၊ အမြင့် ၅ ပေရှိ ရေတားတမံတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရ၏ခွင့်ပြုငွေ ငွေကျပ် ၄၁ ဒသမ ၂၅ သန်းဖြင့် ယခုနှစ် ဧပြီလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

အောင်လံ မေ ၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ ပြည်သူများ ကူးစက်ရောဂါများကင်းဝေးစေရန်နှင့် ကျန်းမာရေးအသိပညာဗဟုသုတများတိုးပွားလာစေရန်ရည်ရွယ်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့်တာဝန်ရှိသူများက မေလ ၃ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ကြကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ခြင်အန္တရာယ်မှကင်းဝေးစေရန်နှင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန်အတွက် နေအိမ်များရှိ ရေတွင်း၊ ရေကန်နှင့် ရေလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထို့ပြင် ရေလှောင်ကန်များသန့်ရှင်းရေး ပြုလုပ်ပုံနှင့်ပိုးလောက်လမ်းများ မပေါက်ပွားအောင်ကာကွယ်ရမည့် နည်းလမ်းများကို ဒေသခံများကိုယ်တိုင် လိုက်နာဆောင်ရွက်နိုင်စေရန် လက်တွေ့ပြသပေးပြီး မိခင်နှင့်ကလေးငယ်များအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးမှုများကိုလည်း ဆွေးနွေးပြောကြားကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

ကမမောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ကမမောင်း မေ ၃

ကရင်ပြည်နယ် ကမမောင်းမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ သတိပေးနှိုးဆော်ခြင်းကို မေလ ၂ ရက်နံနက်ပိုင်းတွင် ဖာပွန်မြို့နယ် မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများက သံလွင်ဦးမြို့မဈေးအတွင်း၌ လှည့်လည်ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့နှိုးဆော်မှုများ ဆောင်ရွက်ပေးရာတွင် ဖာပွန်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘမြင့်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ လျှပ်စစ်အင်ဂျင်နီယာ ဦးဟန်သက်တို့က ပွင့်လင်းရာသီကာလရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်သတိပြုကြစေလိုကြောင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းအနေဖြင့် မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲအိတ်၊ မီးချိတ်မီးကပ်များ အဆင်သင့်ထားရှိရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲရာတွင် ပေါ့ဆမှုကြောင့် လျှပ်စစ်ဝိုင်ယာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း၊ ထင်း/မီးသွေးများသုံးစွဲရာတွင် မီးကြွင်းမီးကျန်များ မကျန်ရှိစေရန်နှင့် အဆိုပါမီးကြွင်းမီးကျန်များမှတစ်ဆင့် မီးကူးစက်၍ မီးလောင်မှုများဖြစ်ပွားနိုင်သောကြောင့် သတိပြုကြရန်လိုကြောင်း နှိုးဆော်ကြသည်။

အလားတူ ကျန်ရှိနေသည့် မြို့ပေါ်ရပ်ကွက်များတွင်လည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမမောင်း(ပြန်/ဆက်)



မြိတ်မြို့နယ်၌ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း သင်တန်းနှင့် ကွင်းသရုပ်ပြပွဲဆောင်ရွက်

မြိတ် မေ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျွဲကူးကျေးရွာရှိ စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာ၌ မေလ ၃ ရက်နံနက်ပိုင်းတွင် မြိတ်မြို့နယ်အတွင်းရှိ မိုးစပါး စိုက်ပျိုးမည့်တောင်သူများအား မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် အဓိကကျသည့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းသင်တန်းနှင့်ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ဦးစီးဌာန ဦးစီးမှူးရုံးမှ မြို့နယ်မြေအသုံးချတာဝန်ခံ ဒေါ်ဖြူဖြူခိုင်က အထွက်နှုန်းမထိခိုက်စေဘဲ ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သည့် နည်းလမ်းများဖြစ်သော ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတွဲဖက်အသုံးပြုရမည့် နည်းလမ်းများ၊ ဓာတ်မြေဩဇာအား အထိရောက်ဆုံးသုံးစွဲခြင်းဖြင့် အကျိုးကျေးဇူးများအပြည့်အဝရရှိစေရန် မှန်ကန်စွာအသုံးပြုရမည့်နည်းလမ်းများ၊ မြေအမျိုးအစားပေါ်မူတည်၍ မှန်ကန်စွာဆောင်ရွက်ရမည့်နည်းလမ်းများ၊ သဘာဝမြေဩဇာပြုလုပ်နည်းများ၊ သဘာဝမြေဩဇာသုံးစွဲနည်းများကို ဆွေးနွေးပို့ချသည်။

ထို့နောက် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက်ကြသည်။ မြိတ်မြို့နယ်၌ လာမည့် ၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် မိုးစပါး၈က ၄၁၂၆၀ စိုက်ပျိုးရန်လျာထားကြောင်း၊ ၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် ၈က ၄၁၂၆၀ စိုက်ပျိုးခဲ့ကာ တစ်၈က ပျမ်းမျှအထွက်နှုန်း ၇၄ ဒသမ ၀၂ တင်းထွက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၁၊ ၀၆၇-၃၄၀၄၂၂၊ ၀၆၇-၃၄၀၄၃၃၃၊ ၀၆၇-၃၄၀၄၃၄၄၊ ၀၆၇-၃၄၀၄၃၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၃၈၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၃၈၃၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၈၄၇၊ ၀၉-၃၄၉၀၃၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၅၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၅၇၅၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ကျောက်ကပ်အားကောင်းစေသည့်အစားအစာများ

ဒေါက်တာလွင်သန့်

ကျောက်ကပ်သည် လူ့ခန္ဓာကိုယ်ထဲတွင် ရှိသမျှအဆိပ်အတောက်များကို ဆီးမှတစ်ဆင့် စွန့်ထုတ်သန့်စင်ပေးသော အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ ကျောက်ကပ်ပုံမှန်အလုပ်မလုပ်လျှင် အဆိပ်အတောက်များပြည့်နေပြီး ရောဂါဝေဒနာဖိစီးသည့် ခန္ဓာကိုယ်ဖြစ်လာပါလိမ့်မည်။ ကျောက်ကပ်ကျန်းမာစေရန် ကျောက်ကပ်အားကောင်းစေသောအစားအသောက်များ စားပေးသင့်သည်။

ပန်းသီး

ပန်းသီးသည် ကိုလက်စထရောနှင့် ဂလူးကို့စ်အပါအဝင် ပမာဏတစ်ခုအထိ လျော့ကျစေနိုင်သည့် ပျော်ဝင်အမျှင်ဓာတ်(Pectin)ပါဝင်သော အရင်းအမြစ်တစ်ခုဖြစ်သည်။ သို့သော် အခွံပါစားရန် မမေ့သင့်ပါ။ ပန်းသီး၏အခွံတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ များစွာပါဝင်ရုံမျှမက ပန်းသီးစိမ်းတွင် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သည်။ ပန်းသီးတွင်ပါဝင်သည့် အမျှင်ဓာတ်သည် အညစ်အကြေးများကို အစာခြေစနစ်မှ စွန့်ထုတ်ပစ်သောကြောင့် ကျောက်ကပ်အတွက် ဝန်ပေါ့သွားနိုင်သည်။ ပန်းသီးတွင်ပါဝင်သော Quercetin က ဓာတ်တိုးဆန့်ကျင်ပစ္စည်းရန်မှ ကာကွယ်ပေးသည်။

ဘလူးဘယ်ရီ

ဘလူးဘယ်ရီသီးသည် ကယ်လိုရီနည်းပြီး ဗီတာမင်-C နှင့် အမျှင်ဓာတ်များကြွယ်ဝသည်။ ကင်ဆာရောဂါနှင့် နှလုံးရောဂါတို့ကို ကာကွယ်ပေးပြီး ဦးနှောက်ကို အကျိုးပြုသည်ဟု လေ့လာမှုများအရ သိရသည်။

ကန်စွန်းဥ

ကန်စွန်းဥတွင် ဗီတာမင်-A နှင့် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သည်။ ဗီတာမင်-B6 နှင့် ပိုတက်ဆီယမ်လည်း ပါဝင်သကဲ့သို့ အမျှင်ဓာတ်လည်းပါဝင်သည်။ ပိုတက်ဆီယမ်အပါအဝင် ဗီတာမင်နှင့် ခန္ဓာကိုယ်ထဲမှ ဆိုဒီယမ်ပမာဏကို ထိန်းညှိပေးပြီး ကျောက်ကပ်အပေါ်သက်ရောက်မှုလျော့သွားရန် ကူညီသည်။ ထိုသို့သောရောဂါကင်းပြီး အာဟာရကြွယ်ဝသည့် အစားအစာများကို နေ့စဉ်စားသုံးမှုတွင် ထည့်သွင်းစားသုံးရမည်။ ကျောက်ကပ်အတွက် သာမက ခန္ဓာကိုယ်တစ်ခုလုံးကို အကျိုးပြုနိုင်သည်။

ကျောက်ကပ်ကိုသန့်စင်ပေးနိုင်သည့် အစားအစာများ

ဖရဲသီး

ဖရဲသီးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းပါဝင်ပြီး ကျောက်ကပ်ဝန်ဓမဝိရန် ရေဓာတ်ပြည့်ဝနိုင်သည်။ ယင်းတွင် သဘာဝအတိုင်းပါဝင်သော ပိုတက်ဆီယမ်၊ ဆိုဒီယမ်ညီညွတ်မှုတမှုရရှိစေပြီး နွေရာသီတွင် စစ်ထုတ်လုပ်ငန်းချောမွေ့ရန် ကူညီနိုင်သည်။

သန္ဓားသီး

ရေဓာတ် ၉၅ ရာခိုင်နှုန်းပါဝင်ပြီး စွန့်ထုတ်လုပ်ငန်းနှင့် ရေဓာတ်ပြည့်ဝရန် ကူညီနိုင်သည်။ ယင်းတွင်ပါဝင်သည့် ဆယ်လူလာနှင့် သတ္တုဓာတ်များသည် ကျောက်ကပ်အတွင်း သေးငယ်သော တည်ဆောက်ပုံအပါအဝင် တွယ်ဆက်တစ်သျှူးများကို အထောက်အပံ့ပေးသည်။

ရှောက်ရည်

ရှောက်သီးတွင်ပါဝင်သော စီးထရိတ်က ကျောက်ဖြစ်စေသည့်သတ္တုဓာတ်များကိုလျော့ကျရန် ကူညီပေးနိုင်သည်။ မနက်ခင်းတွင် ရှောက်ရည်ပူပူနွေးနွေးသောက်ခြင်းသည် အိပ်ရာထချိန်တွင် ရေဓာတ်ပြန်လည်ပြည့်ဝရန် ကူညီပေးသည်။

အုန်းရည်

အုန်းရည်တွင်ပါဝင်သည့် ဓာတ်ဆားများသည် ရေဓာတ်ပြည့်ဝရန် အထောက်အကူပေးသည်။ အုန်းနို့တစ်ခွက်တွင် နေ့စဉ် ပိုတက်ဆီယမ်လိုအပ်ချက်၏ ၁၃ ရာခိုင်နှုန်းပါဝင်ပြီး အာရုံကြောနှင့် ကျောက်ကပ်ညီညွတ်မှုရှိရန် ကူညီနိုင်သည်။ အပူဒဏ် သို့မဟုတ် လေ့ကျင့်ခန်းပြုလုပ်ထားသောကြောင့် ရေဓာတ်ချို့တဲ့နေလျှင် အုန်းရည်သောက်ခြင်းက ကောင်းပါသည်။

ခရင်မ်ဘယ်ရီ

ဗက်တီးရီးယားတွယ်ကပ်မှုကို ၄၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်သော (pACS) ဒြပ်ပေါင်းများပါဝင်သည်။ လူအများစုက ဆီးမကြာခဏသွားခြင်း သို့မဟုတ် ဆီးမထိန်းနိုင်ခြင်းများအတွက် ခရင်မ်ဘယ်ရီကို စားသုံးသင့်သည်။

"ကန်စွန်းဥတွင် ဗီတာမင်-A နှင့် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သည်။ ဗီတာမင်-B6 နှင့် ပိုတက်ဆီယမ်လည်းပါဝင်သကဲ့သို့ အမျှင်ဓာတ်လည်း ပါဝင်သည်။ ပိုတက်ဆီယမ်အပါအဝင် ဗီတာမင်နှင့် ခန္ဓာကိုယ်ထဲမှဆိုဒီယမ်ပမာဏကိုထိန်းညှိပေးပြီး ကျောက်ကပ်အပေါ် သက်ရောက်မှုလျော့သွားရန်ကူညီသည်။ ထိုသို့သော ရောဂါကင်းပြီး အာဟာရကြွယ်ဝသည့်အစားအစာများကို နေ့စဉ်စားသုံးမှုတွင် ထည့်သွင်းစားသုံးရမည်။ ကျောက်ကပ်အတွက် သာမက ခန္ဓာကိုယ်တစ်ခုလုံးကို အကျိုးပြုနိုင်သည် . . ."

မုန်လာဥနီ

နိုက်ထရစ်အောက်ဆိုက်ပမာဏ များပြားစေပြီး ကျောက်ကပ်အတွင်း သွေးလှည့်ပတ်မှု ကောင်းမွန်စေနိုင်သည်။ ကျောက်ကပ်အတွင်း သွေးရောက်ရှိမှုများပြားသောကြောင့် စစ်ထုတ်လုပ်ငန်းလွယ်ကူနိုင်သည်။ အထူးသဖြင့် အထိုင်များသူများအတွက် သင့်လျော်သည်။

စပျစ်သီး

စပျစ်သီးတွင် ပေါကြွယ်ဝစွာပါဝင်သော ရီဗာရက်ထရော(Resveratrol)က ဓာတ်တိုးပစ္စည်းကို ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ကာ ဆက်စပ်မှုရှိသည်ဟု လေ့လာမှုတွင် ဖော်ပြထားသည်။ ယင်းတွင် များစွာပါဝင်သောအရည်များကြောင့် ရေဓာတ်ပြည့်ဝနိုင်သည်။

တရုတ်ကြက်သွန်မြိတ်

အရည်ညီညွတ်မှုတမှုရရှိရန်အတွက် ထိန်းသိမ်းရန် ရေ ၆၇-၉၅ ရာခိုင်နှုန်းနှင့် ဆိုဒီယမ်၊ ပိုတက်ဆီယမ်တို့ ပါဝင်သည်။

ပန်းဂေါ်ဖီ

ပိုတက်ဆီယမ်ပါဝင်မှုနည်းသည်။ တစ်ခွက်စာတွင် ပိုတက်ဆီယမ်က နေ့စဉ်လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းသာ ပါဝင်သည့်အတွက် ကျောက်ကပ်ကြိုက်နှစ်သက်သည့်အစားအစာများနှင့် တွဲဖက်စားသုံးနိုင်သည်။

နံနံပင်

ဆီးစီးဆင်းအားနှင့် စစ်ထုတ်လုပ်ငန်းကို အထောက်အကူပေးနိုင်သောကြောင့် နံနံပင်စားသင့်သည်။ ကျောက်ကပ်၏ အဓိကတာဝန်မှာ ခန္ဓာကိုယ်အတွင်းမှ အညစ်အကြေးများကို စစ်ထုတ်ပေးသည်။

သွေးတွင်းအညစ်အကြေးများကိုလည်း သန့်စင်ပေးသည်။ စစ်ထုတ်လိုက်သည့် အညစ်အကြေးများကို ဆီးအိတ်ထဲတွင် သိမ်းထားကာ ဆီးအဖြစ် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ပေးသည်။ ကျောက်ကပ်သည် ခန္ဓာကိုယ်၏ PH ပမာဏနှင့် ပိုတက်ဆီယမ်ကို ထိန်းညှိပေးသည်။ ဟော်မုန်းများထုတ်လုပ်ပေးပြီး သွေးနီဥထုတ်လုပ်မှုကိုလည်း ထိန်းညှိပေးသည်။ အရိုးများသန်မာစေပြီး ကြွက်သားများ အကောင်းဆုံးလုပ်ဆောင်မှုရရှိစေရန် ကယ်လ်စီယမ်ကိုစုပ်ယူနိုင်စေရေး ဗီတာမင်-C ဖြစ်ပေါ်ရန် လှုံ့ဆော်ပေးသည်။ ကျောက်ကပ်ကျန်းမာစေသင့်သည်။

ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်သင့်သည်

နေ့စဉ် နာရီဝက်မှ တစ်နာရီကြာ လေ့ကျင့်ခန်း၊ အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်သည်။ နေ့စဉ် ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်းလုပ်သည်က ခန္ဓာကိုယ်ကိုကျစ်လျစ်စေရုံသာမက နာတာရှည်ကျောက်ကပ်ရောဂါမှ ကာကွယ်ပြီးသားဖြစ်နိုင်သည်။ သွေးပေါင်ချိန်ကိုလည်း လျော့ကျစေ၍ နှလုံးကျန်းမာနိုင်သကဲ့သို့ နာတာရှည်ကျောက်ကပ်ရောဂါမှ ကာကွယ်ပြီးသားဖြစ်သည်။

သွေးချိုထိန်းသိမ်းသင့်သည်

ဆီးချိုရောဂါရှိသူများနှင့် ပုံမှန်ထက်သွေးတွင်းသကြားဓာတ် မြင့်သူများက ကျောက်ကပ်ထိခိုက်နိုင်ခြေ များနေကြသည်။ သွေးတွင်းသကြားဓာတ်က ခန္ဓာကိုယ်ဆဲလ်များ လိုအပ်သောပမာဏထက်ပိုများသောအခါ ကျောက်ကပ်မှ သွေးကြောများကို ထိခိုက်လာသည်။ ထိုအခြေအနေက ရေရှည်ဖြစ်လာသည့်အခါ ကျောက်ကပ်ကို ဆိုးဆိုးရွားရွား ထိခိုက်စေသည်။

သွေးပေါင်ချိန်ထိန်းညှိပေးသည်

မကြာခဏ သွေးတိုးသည်က ကျောက်ကပ်ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် သွေးမတိုးရန် ဂရုစိုက်သင့်သည်။ ရေရှည်တွင် ကျောက်ကပ်ကို ပျက်စီးနိုင်ခြေနည်းစေသည်။

အဝမလွန်သင့်ပါ

အဝလွန်ခြင်းက ကျောက်ကပ်ကို ပျက်စီးစေနိုင်သော ကျန်းမာရေးအခြေအနေအမှတ်အသားဖြစ်သည်။ အဝလွန်ခြင်း၏နောက်ဆက်တွဲဖြစ်သော ဆီးချို၊ သွေးချို၊ နှလုံးနှင့် သွေးတိုးရောဂါများဖြစ်လာခဲ့သော် ကိုယ်အလေးချိန် ထိန်းညှိသင့်သည်။ မကြာခဏသွေးတိုးသည်က ကျောက်ကပ်ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် သွေးမတိုးရန် ဂရုစိုက်သင့်သည်။ ရေရှည်တွင် ကျောက်ကပ်ကို ပျက်စီးနိုင်ခြေနည်းစေသည်။

ရေများများသောက်သင့်သည်

နေ့စဉ် ရေလုံလောက်စွာသောက်ခြင်းက ကျောက်ကပ်ကျန်းမာသည်။ ရေကိုလုံလောက်သည့်ပမာဏ သောက်သုံးပေးသင့်သည်။ ရေသောက်ခြင်းဖြင့် ကျောက်ကပ်ထဲမှ အဆိပ်အတောက်များကို အထိရောက်ဆုံးဖယ်ရှားပစ်နိုင်သည်။ နာတာရှည်ကျောက်ကပ်ရောဂါ ခံစားရနိုင်ခြေကိုလည်း နည်းစေနိုင်သည်။

ဆေးလိပ်ဖြတ်သင့်သည်

ဆေးလိပ်သောက်ခြင်းသည် ခန္ဓာကိုယ်မှ သွေးကြောများကို ပျက်စီးစေနိုင်သည်။ သွေးကြောများထိခိုက်မှုက ကျောက်ကပ်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းအတွက် သွေးစီးဆင်းမှုနည်းသွားစေသည်။ ဆေးလိပ်သောက်ခြင်းသည် ကျောက်ကပ်ကင်ဆာဖြစ်နိုင်ခြေတိုးစေသောကြောင့် ကျောက်ကပ်ကျန်းမာစေလိုသော် ဆေးလိပ်ဖြတ်သင့်သကဲ့သို့ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှောင်သင့်သည်။

မလိုအပ်ဘဲဆေးမသောက်သင့်ပါ

ဆေးများကို မလိုအပ်ဘဲသောက်ပါက ကျောက်ကပ်ထိခိုက်စေနိုင်သည့် အဓိကအကြောင်းရင်းဖြစ်သည်။ ထို့ကြောင့် အကိုက်အခဲပျောက်ဆေးများကို မလိုအပ်ဘဲသောက်ခြင်းအပြင် တချို့ဆေးဖက်ဝင်အပင်မှထွက်သည့် ဆေးများကို ဆရာဝန်ညွှန်ကြားချက်မပါဘဲ မသောက်သင့်ပါ။

သထုံမြို့နယ်၌ အခြေခံမွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်

သထုံ မေ ၃

မွန်ပြည်နယ် သထုံမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် အခြေခံမွေးမြူရေးပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေလ ၂ ရက်က လိပ်အင်းရပ်ကွက်ရှိ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဥမ္မာနှင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခွန်မင်းမောင်က သထုံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်နိုင်ပြီး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကူးစက်ရောဂါဖြစ်ပွားမှုများ လျော့နည်းစေရန်နှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သိကောင်းစရာများ၊ ပဋိဇီဝဆေးယဉ်ပါးမှုအကြောင်း၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်၊ ဇီဝလုံခြုံမှု စသည့်ဘာသာရပ်တို့ကို သထုံမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို ဆွေးနွေးပို့ချပေးလျက်ရှိကြောင်း သိရသည်။



ချမ်းမြေ့

တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေး



တောင်ငူ မေ ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူခရိုင်အားကစားကွင်းသို့ ရောက်ရှိပြီး အားကစားကွင်းအင်္ဂါရုပ်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တောင်ငူမြို့ ထီးလိုင်ပန်းခြံတည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပန်းခြံတည်ဆောက်ခြင်းလုပ်ငန်းအပိုင်း(၁)နှင့် အပိုင်း(၂)လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အများပြည်သူစိတ်လက်အပန်းဖြေနိုင်ရေး တည်ဆောက်ပေးရခြင်းဖြစ်၍ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပမှုကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း၊ မြောက်ဘက်မြို့ရိုး မော်ကွန်းတံခါးပေါက်နှင့် ကျုံးရေပြင်အား ဖြတ်သန်း၍ အရှည်ပေ ၂၁၀ ရှိ ရှေးဟောင်းကျုံးကူးတံတားတည်ဆောက်နိုင်ရေးနှင့် ကျုံးနှင့်မြို့ရိုးအကြား မြေယာအလှရှုခင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန်၊ LandScaping Design များ ခေတ်မီလှပစေရန်နှင့် ကျုံးကူးတံတားဘယ်ညာ ကျုံးဆလန်ချောဆက်လက်ပြုလုပ်သွားနိုင်ရေး တင်ပြရန် တာဝန်ရှိသူများအားမှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း)၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများကို နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၊ Unique Identification Number နှင့် Biometric အချက်အလက်ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုကွင်းဆင်းကြည့်ရှုအားပေးပြီး လုပ်ငန်းများကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန်မှာကြားကာ ပြုလုပ်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်းသိရသည်။ (၄၁၀)

နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် သွေးလှူဒါန်းခြင်းဆောင်ရွက်

မြောင်းမြ မေ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေလ ၃ ရက် နံနက်ပိုင်းတွင် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် သွေးလှူဒါန်းခြင်းဆောင်ရွက်သည်။

ထို့သို့ဆောင်ရွက်ရာတွင် မြောင်းမြခရိုင်မီးသတ်ဦးစီးဌာနရုံးရှေ့၌ နှစ် (၈၀) ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်အားစိုက်ထူပြီး မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းနိုင်ဦးနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်အား အမွေးနုံသာရည်များ ပက်ဖျန်းသည်။



ဆက်လက်၍ တာဝန်ရှိသူများက သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၀ ဦး စုပေါင်း သွေးလှူဒါန်းနေမှုများအား လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်အစားအစာများ ပေးအပ်ကြောင်းသိရသည်။

ဧယျာ(ပြန်/ဆက်)

VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ကလော မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဖော်ဆောင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေလ ၃ ရက် နံနက်ပိုင်းတွင် မြင်းကကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ယခုဆောင်ရွက်မှုသည် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ်အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက ကိုယ်တိုင် တာဝန်ယူ၍ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော မြင်းက ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာအတွက် အမှန်တကယ်ဦးဆောင်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကိုအများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးကြကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

ပြည်ထောင်စုအမွေ ခိုင်မာစေ

☆ အင်အားဖွဲ့တည်၊ ထင်ရှားခဲ့သည်
တို့မြန်ပြည်တည့်
ညီတူစွမ်းပကား၊ စည်းလုံးအားဖြင့်
တို့ဓားထက်မြက်၊ ဘုန်းရှိန်တက်သည့်
လက်တွဲကြည်ဖြူ။ မင်းပြည်သူတို့
လွှင့်ထူအောင်လံ၊ ဝင့်ကြွားမာန်နှင့်
ပုဂံ တောင်ငူ ကုန်းဘောင်ဟူ။
ခေတ်သုံးခေတ်မှာ စံနမူ။

☆ သွေးကွဲခဲ့သည်၊ တွေးလွဲခဲ့သည်
တို့မြန်ပြည်တည့်
ပြည်သူချင်းလေ၊ ထင်းစည်းပြေ၍
သွေဖည်စိတ်ကွက်၊
စည်းကမ်းပျက်ကြောင့်
သူ့လက်အောက်ကျ၊ ကျွန်ဖြစ်ရချိန်
ဒုက္ခခံစား ဘဝခါး။
နှံနစ်ခဲ့သည် ပတ္တမြား။

☆ ရေးကြီးခဲ့ပြီ၊ သွေးစည်းခဲ့သည်
တို့မြန်ပြည်တည့်
ညီနောင်သားချင်း၊ တို့သွေးရင်းတို့
အခင်းကိစ္စ၊ ဟူသမျှကို
ကျနဆွေးနွေး၊ လွတ်လပ်ရေးတွက်
သွေးမကွဲထုံး၊ ချစ်ကြည်ပြိုးနှင့်
အရှုံးပြန်လှန် အောင်ပွဲခံ။
သမိုင်းတစ်ခေတ် စစ်အမှန်။

☆ အို..သားချင်းများ၊ မြန်ပြည်သားတို့
တစ်ပါးလက်အောက်၊ ပြန်မရောက်ဖို့
ထောက်ထားသမိုင်း၊ စံတုန်ိုင်း၍
မရိုင်းနှလုံး၊ ဝိုစည်းလုံးစို့
ပြည်လုံးကြောင့်ကြ၊ ဘေးရန်ပအောင်
မတွမဆိုင်း၊ လက်ချင်းသိုင်းလျက်
လှိုင်းကြီးလေပြင်း၊ ရအောင်ခွင်းမည်
မင်းရောငါပါ၊ လူတိုင်းပါလျှင်
မြန်မာပြည်ကြီး၊ ရှေ့ခရီးသည်
ရန်မီးကင်းဝေး၊ ငြိမ်းချမ်းရေးနှင့်
အသွေးတောက်ပ လှရေးမှန်။
အရေးထောက်ဆ မျှတွေးကြံ။
တို့ပြည်ထောင်စု ခိုင်မာရန်။ ။

ညွှန့်ဝင်း(နတ်တလင်း)

ဇလွန်မြို့နယ်၌ ငါးမုတ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ

ဇလွန် မေ ၃

ဇရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ငါးမုတ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်း ဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်မြင့် အေး၏ပြောဆိုချက်အရ သိရသည်။

ဇလွန်မြို့နယ်၌ ဧပြီလနောက်ဆုံးပတ်မှစ၍ ငါးမုတ်များ ဝယ်လိုအားကောင်းလာကာ အရောင်းအဝယ်ဖြစ်နေပြီး တစ်ရက်လျှင် ပိဿာ ၃၅၀၀ မှ ၅၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိမှာ ငါးမုတ်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ တစ်ရက်ကို ပိဿာ ၅၅၀၀ လောက် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသစျေးကွက်မှာကို ငါးမုတ်တွေ အဝယ်လိုက်လာလို့ အရောင်းအဝယ်ဖြစ်တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်မှုရှိပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ငါးမုတ်တွေကလည်း လတ်ဆတ်ပါတယ်။ တင်ပို့အားများလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်။ ရန်ကုန်စျေးကွက်ကို အဓိကတင်ပို့တာပါ" ဟု ဒေါ်မြင့်မြင့်အေးကပြောသည်။

ဇလွန်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ မှာယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

(၄၄)ကြိမ်မြောက် မောက်မယ်မြို့နယ်လုံးဆိုင်ရာပရိယတ္တိသာသနပါဒကစာပြန်ပွဲတော် အခမ်းအနားကျင်းပ



မောက်မယ် မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ပရိယတ္တိကျောင်းကြီး စာသင်တိုက်၌ မောက်မယ်မြို့နယ်လုံးဆိုင်ရာ သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော (၄၄)ကြိမ်မြောက် မောက်မယ်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနပါဒကစာပြန်ပွဲတော် အခမ်းအနားကို မေလ ၂ ရက်က စတင်ကျင်းပသည်။

ရေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဆရာတော် ထီဟံခွီးကျောင်းဆရာတော် အရှင်ဓမ္မသာမိထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူကာ ဆရာတော်ကဩဝါဒကထာမြွက်ကြားတော်မူပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းချမ်းခိုင်က သာသနာရေးဆိုင်ရာကိစ္စရပ်များလျှောက်ထားသည်။

အဆိုပါစာပြန်ပွဲတော်တွင် မြို့နယ်အတွင်းမှ ရေးဖြေ ရှင်သာမဏေ ၆၆ ပါးနှင့် အာဂုံဆောင် နှုတ်ဖြေ ရှင်သာမဏေ ၁၃၂ ပါးက ဘာသာရပ်များအလိုက် ဝင်ရောက်ဖြေဆိုကြပြီး ကြီးကြပ်ဆရာတော် ၅၄ ပါးနှင့် စာဖြေရှင်သာမဏေများအဆင့်ပြေစေရန် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များကို နေ့စဉ်ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

စာပြန်ပွဲတော်ကို မေလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိပြီး မေလ ၇ ရက်တွင် စာအောင်ရှင်သာမဏေများအား စာအောင်လက်မှတ်များကို ဆုနှင်းသဘင်ဖြင့် ချီးမြှင့်ဆက်ကပ်မည်ဖြစ်ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

ဘားအံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

ဘားအံ မေ ၃

ကရင်ပြည်နယ်ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နတ်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို မေလ ၃ ရက်တွင် ဆောင်ရွက်သည်။

ရေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် တခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နတ်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆စ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၄၇၀ အား ထုတ်ချေးပေးကြောင်း သိရသည်။

ကိုသက်

ညောင်ဦးမြို့၌ နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ညောင်ဦး မေ ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေလ ၃ ရက်တွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ညောင်ဦးခရိုင် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်ကိုးဦး၊ အမှတ် ၅ အရန်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် လေးဦး၊ အမှတ် ၄ အရန် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် တစ်ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ယင်းအခမ်းအနားသို့ အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင် တင့်နှင့် ကော်မတီဝင်များ၊ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ဒီပါလင်း

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၅-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၁၅	၄၇၀၀	၄၆၄၀	၄၅၅၃	၄၇၀၀	၄၇၁၅	၄၇၆၅	၄၆၁၀	၄၇၆၅	၅၀၈၅	၄၆၃၅	၄၇၅၅	၄၇၃၅	၄၆၉၀	၄၆၉၀	၄၉၀၀
95 Ron	၄၆၅၀	၄၈၆၀	၄၈၀၀	၄၆၈၅	၄၈၆၀	၄၈၇၀	၄၉၂၀	၄၇၇၀	၄၉၂၀	၅၂၄၀	၄၇၉၀	၄၉၄၀	၄၈၅၀	၄၈၅၀	၄၈၅၀	၅၀၆၀
HSD (500 ppm)	၅၂၇၅	၅၄၅၅	၅၃၉၅	၅၂၉၀	၅၄၅၅	၅၄၆၅	၅၅၁၅	၅၃၆၅	-	၅၈၂၀	၅၃၉၀	၅၈၉၅	၅၄၉၀	၅၄၄၅	၅၄၄၅	၅၅၄၅
HSD (50 ppm)	၆၄၅၅	၆၆၄၅	၆၅၈၀	၆၄၇၀	၆၆၄၅	၆၆၅၅	၆၇၀၅	၆၅၅၀	၆၇၀၅	၇၀၂၅	၆၅၇၅	၆၈၃၀	၆၆၃၀	၆၆၃၀	၆၆၃၅	၆၈၄၅
HSD (10 ppm)	၆၄၅၅	၆၆၄၅	၆၅၈၀	၆၄၇၀	၆၆၄၅	၆၆၅၅	၆၇၀၅	၆၅၅၀		၇၀၂၅	၆၅၇၅	၆၈၃၀	၆၆၃၀	၆၆၃၀	၆၆၃၅	၆၈၄၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၇၉	၄၃၉၉
95 Ron	၄၄၃၃	၄၅၅၅
HSD (500 ppm)	၅၀၃၃	၅၁၆၃
HSD (50 ppm)	၆၁၆၀	၆၃၁၃
HSD (10 ppm)	၆၁၆၀	၆၃၁၃

၀၆၇-၄၁၁၃၇၁၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း

လုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မေ ၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/၉လ)

ပိဋ္ဌကတ်သုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမူကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် ဧပြီ ၃၀

ပိဋ္ဌကတ်သုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမူကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ၈၉ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပိဋ္ဌကတ်သုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမူကျမ်းစာအုပ်များအား လှူဒါန်းရခြင်း အကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ပိဋ္ဌကတ်သုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမူကျမ်းစာအုပ်များအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ကြီးအမှူးပြုသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် မဟာထေရ်မြတ်က အနုမောဒနာနှင့် ရေစက်သွန်းချတရား ဟောကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့လှူဒါန်းသည့် ဆဋ္ဌသင်္ဂါယနာတင် အဋ္ဌကထာကျမ်းစာ ၅၁ အုပ် ကွန်ပျူတာစာမူ ပြုစုခြင်းလုပ်ငန်းအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စတင်ခဲ့ခြင်းဖြစ်ကာ စာမူစိစစ်ရေးလုပ်ငန်းများကိုအဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ပုံနှိပ်ထုတ်ဝေပြီးစီးခဲ့ပြီး ယခုကဲ့သို့ ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် ဋီကာကျမ်းစာ ၂၆ အုပ်ကို ကွန်ပျူတာစာမူပြုစုခြင်း၊ စတင်ဆောင်ရွက်လျက်ရှိပြီး ဋီကာကျမ်းစာနှစ်အုပ် ပြီးစီးပြီး ကျန်စာအုပ်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပုံနှိပ်ထုတ်ဝေပြီးသော အဋ္ဌကထာကျမ်းစာ ၅၁ အုပ်ကို သာသနာရေးဦးစီးဌာနက e-book စနစ်ဖြင့် ဖတ်ရှုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ၍ ယခုပြုစုထုတ်ဝေခဲ့သော ဆဋ္ဌမူကွန်ပျူတာစာစီကျမ်းစာများကို ပရိယတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်တော်မူကြသည့် သံဃာတော်များ၏ စာချစာသင်လုပ်ငန်းများတွင် အထောက်အကူပြုစေရန် ဓမ္မဒါန ကုသိုလ်ယူပါဝင်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ



ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day

ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ
United in Humanity

၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄.၈	/	၃၆.၈
ရန်ကုန်	၂၄.၈	/	၃၇.၈
မန္တလေး	၂၅.၈	/	၃၈.၈

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

၃-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းများနှင့် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုစစ်ဆေး

ပုသိမ် မေ ၃

ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မြို့အား မြို့အင်္ဂါရုပ်နှင့်အညီဖြစ်စေရေး၊ သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ်များ၊ မြေယာရှုခင်းများနှင့် ကန်သုံးဆင့်ပန်းခြံတို့ကို အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည့် အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့အဝင် “ရိုးသားကြိုးစား ဧရာဝတီသား” ဆိုင်းဘုတ်အနီး မြေယာရှုခင်းများ အဆင့်မြှင့်တင်ရေးနှင့် လျှပ်စစ်မီးသွယ်တန်းနိုင်ရေး၊ ပုသိမ်မြို့အဝင် မုခ်ဦးတည်ဆောက်နိုင်ရေး၊ မြို့အဝင် ဆိုင်းဘုတ်နှင့် မြေယာရှုခင်းများ အဆင့်မြှင့်တင်နိုင်ရေး၊ ရွှေရုပ်တုအဝိုင်းအဆင့်မြှင့်တင်နိုင်ရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကန်သုံးဆင့်ပန်းခြံအား ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများအရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးစေရေး၊ ပြည်သူများစိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် စိန်ပန်း၊ ကံ့ကော်၊ ခရေ၊ ငုဝါ အစရှိသည့် အရိပ်ရပင်များနှင့် အလှပန်းပင်များ ထပ်မံစိုက်ပျိုးရေး၊ သစ်ကိုင်းခြောက်များ ခုတ်ထွင်ရှင်းလင်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စည်ဆက်မပြတ်ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ပုသိမ်မြို့ သာသနာ့ဗိမာန်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ် ဦးစီးမှူးရုံးမှ ရက်(၁၀၀) စီမံချက်ဖြင့်ပြည်သူများအား အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် UID ရိုက်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သွေးအမျိုးအစားခွဲခြင်း၊ e-IDစစ်ဆေးခြင်း၊ ရေ့ပြေးလျှောက်လွှာဖြည့်သွင်းခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရေးသွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ ပြုလုပ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ပေးအပ်သည်။



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အစိုးရသစ်ကာလရက် (၁၀၀) အတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ရိုက်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းဖွင့်ရာသီတွင်လည်း အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား ကျောင်းသား၊ ကျောင်းသူများကို ဇွန်လ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ရိုက်ကူးခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

တောင်ငူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်နန်းတော်ဦးလောကမာရဇိန်စေတီတော် မြတ်ကြီးအား စိန်ဖူးတော်နှင့်ငွက်မြတ်နားတော် ပင့်ဆောင်ပူဇော်ပွဲကျင်းပ



တောင်ငူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် နန်းတော်ဦးလောကမာရဇိန်စေတီတော် မြတ်ကြီးအား စိန်ဖူးတော်နှင့်ငွက်မြတ်နားတော် ပင့်ဆောင်ပူဇော်ပွဲကျင်းပစဉ်။

နေပြည်တော် မေ ၃

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လူပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် နန်းတော်ဦးလောကမာရဇိန်စေတီတော်မြတ်ကြီးအား စိန်ဖူးတော်နှင့် ငွက်မြတ်နားတော် ပင့်ဆောင်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ပဋ္ဌသောတဂါမိနီဓမ္မဗိမာန်တော်၌ပြုလုပ်ရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်တိက္ခသာရအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ငွေခရုသင်း၊ အိုးစည်ဗုံမောင်းတို့ဖြင့် တီးမှုတ်ခဲ့ပြီး စိန်ဖူးတော်နှင့် ငွက်မြတ်နားတော်တို့အား ဆင်တော်မင်္ဂလာပေါ်သို့ပင့်ဆောင်သည်။

ဆက်လက်၍ ကေတုမတီမြို့သစ်၊ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်မှ နန်းတော်ဦး လောကမာရဇိန်စေတီတော်မြတ်ကြီးသို့ စိန်ဖူးတော်နှင့်ငွက်မြတ်နားတော်အား ဆင်တော်ဖြင့်ပင့်ဆောင်ရာတွင် လမ်းတစ်လျှောက်၌ ဖူးမြော်ကြည်ညိုသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာ့သဘော်ကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်စက်ဆန်းသဘော်ကျင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေး





ရန်ကုန် မေ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ မြန်မာ့သဘော်ကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်းနှင့် မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းသဘော်ကျင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့သဘော်ကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်းရှိလွှန်းတင်လွှန်းချစက်ရုံသို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက ဓာတ်ငွေ့ရည်တင်ရေယာဉ် ၂ စင်း လွှန်းတင်ပြင်ဆင်နေမှုအခြေအနေ၊ ရေယာဉ်များဆက်လက်လွှန်းတင်နိုင်မှုအခြေအနေနှင့် လိုအပ်မြစ်ကမ်းဘေးတွင် အမာခံလွင်ပြင်လွှန်းကျင်းဖော်ထုတ်လုပ်ကိုင်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လွှန်းတင်ရေယာဉ်များအား စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်အချိန်မီ လွှန်းဆင်းနိုင်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်ရန်၊ ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပေးနေရန်၊ ဝန်ထမ်းများ၏ ကျန်းမာရေးအသိပညာ တိုးတက်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြုပြင်ရေးအလုပ်ရုံအနီးရှိ အမာခံလွင်ပြင်လွှန်းကျင်းတွင် ဆောင်ရွက်လျက်ရှိသော ဂဖမီတာအထွေထွေကုန်တင်ကမ်းထိုးရေယာဉ် တည်ဆောက်ခြင်း လုပ်ငန်းခွင်နှင့် ပေ ၁၉၀ ကမ်းရိုးတန်းသွားရေယာဉ်၏ စက်မကြီးတပ်ဆင်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေယာဉ်တည်ဆောက်ပြုပြင်ရာတွင် ကြုံခိုင်မှုကောင်းမွန်စေရေးအတွက် ရေးဆွဲထားသည့် ရေယာဉ်ဒီဇိုင်းနှင့်အညီဆောင်ရွက်ရန်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ပေါင်းစပ်ညှိနှိုင်း၍ စစ်ဆေးကြပ်မတ်ရန်၊ အရည်အသွေးစစ်ဆေးခြင်းအား အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြုပြင်ရေးအလုပ်ရုံတွင် ဖွင့်လှစ်ထားရှိသည့် ဂဟေလှေကျင့်ရေးသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် သင်တန်းများတိုးချဲ့ဖွင့်လှစ်ရန်၊ သင်တန်းပြီးဆုံးသည့်အချိန်တွင် အရည်အချင်း စိစစ်အကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းသဘော်ကျင်းသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက စက်ဆန်းသဘော်ကျင်းဆိုင်ရာအချက်အလက်များ၊ ရေယာဉ်များတည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဝင်ငွေရရှိမှုအခြေအနေများ၊ သဘော်ကျင်းတွင် လွှန်းတင်ပြုပြင်လျက်ရှိသည့် မာန်အောင် (၃)တွန်းဆွဲရေယာဉ်၏ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားရာတွင် ရေယာဉ်များတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ရေယာဉ်ဒီဇိုင်း (Design)၊ ကျွမ်းကျင်လုပ်သား (Workmanship)နှင့် အသုံးပြုသည့်ပစ္စည်း (Material) များ စံချိန်စံညွှန်းပြည့်မီစွာ စနစ်တကျတည်ဆောက်ပြုပြင်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လိုအပ်သည့် စစ်ဆေးကြပ်မတ်မှုများကိုအလေးထားဆောင်ရွက်သွားရန်၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် ဌာနနှင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ဈေးကွက်ရှာဖွေ၍ ဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လွှန်းတင်ပြုပြင်လျက်ရှိသည့် မာန်အောင် (၃) တွန်းဆွဲရေယာဉ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

စစ်တွေ မေ ၃

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး တက်ရောက်သည်။

အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား၏ ဆောင်ပုဒ်မှာ For every generation, vaccines work ဖြစ်ပြီး မျိုးဆက်တိုင်းကိုကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကားဟူ ဘာသာပြန်ဆိုထားကြောင်း၊ ယနေ့ အထိမ်းအမှတ် အခမ်းအနားဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်မှာ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေးပြည်သူလူထုအားလုံးကို ကာကွယ်ဆေးဖြင့်ရောဂါဘယဘေးမှ တားဆီးပေးနိုင်သည်ဆိုသည့် အသိပညာကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ထားရှိခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းသည် ကူးစက်မြန်ရောဂါများမဖြစ်ပွားရန်၊ ၎င်းရောဂါများကြောင့် သေဆုံးရခြင်းများကို ကာကွယ်နိုင်ရန်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို မဖြစ်ပွားစေရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မျိုးဆက်တိုင်းကိုကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား Documentary Story ကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အထိမ်းအမှတ် မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား တေးသီချင်းဗီဒီယိုကိုလည်းကောင်း ပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသက် ၁ နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများကို ပေးအပ်သည်။

ဆက်လက်၍ လက်မချေ-သာယာကုန်း-ကိုးဆောင်ရွာသွားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်္ကန်ကျေးရွာသွားလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်နှင့် အဆိုပါလမ်းပေါ်ရှိ ကွန်ကရစ်ရေနုတ်မြောင်းများ ပြန်လည်ပြုပြင်နိုင်ရန်သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

တင်ထွန်း(ပြန်/ဆက်)



တပ်မတော်၏ ပညာရေးကဏ္ဍသစ်

ဆရာဇော်(ပညာရေး)

မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် ၂၀၂၆ ခုနှစ် ဧပြီလ ၉ ရက်တွင် (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပခဲ့ပါသည်။ (၇၉) နှစ် မြောက် နှစ်ပတ်လည် ဂုဏ်ထူးဆောင်အထိမ်းအမှတ်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်နှင့် တပ်မတော်အတွက် အလွန်အရေးကြီးသော **"ပညာရေးကဏ္ဍသစ်"** တစ်ခုကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သမိုင်းဝင်မဟာဗျူဟာမြောက် စီမံကိန်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

သမိုင်းမှတ်တိုင်များမှသည် ခေတ်သစ်ပညာရေးဆီသို့ (၁၉၄၇-၂၀၂၆)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့၏ သမိုင်းခရီးစဉ်ကို ပြန်ပြောင်းမိန့်ကြားရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် ယနေ့ မျက်မှောက်ကာလတိုင်အောင် နိုင်ငံတော်၏ခရီးလမ်းအသွယ်သွယ်ကို အခြားလက်ရုံးတပ်ဖွဲ့များနည်းတူ အောက်ပါအတိုင်း ပါဝင်ဖြတ်ကျော်ခဲ့ကြောင်း ဂုဏ်ယူစွာ ပြောကြားခဲ့သည်။

- **၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်** - လွတ်လပ်ရေးမရမီကပင် **"ပညာရေးဌာနစု"** အဖြစ် စတင်သန္ဓေတည်ခဲ့သည်။
- **၁၉၅၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်** - ခေတ်စနစ်အရ **"ပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး"** အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။
- **၁၉၉၀ ပြည့်နှစ် ဧပြီလ ၁ ရက်** - ယနေ့လက်ရှိအမည်ဖြစ်သော **"ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး"** အဖြစ် အဆင့်ဆင့်တိုးတက်ပြောင်းလဲခဲ့သည်။

ဤညွှန်ကြားရေးမှူးရုံး၏ သမိုင်းကြောင်းသည် တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုသမိုင်းပင်ဖြစ်ကြောင်း၊ ဤသမိုင်းခရီးစဉ်တစ်လျှောက် ခေတ်ကာလအလိုက်အမည်နာမများ ပြောင်းလဲခဲ့သော်လည်း မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ စည်းရုံးရေးနှင့် ပညာပေးရေးဟူသော မူလရည်မှန်းချက်တာဝန် (၄)ရပ်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့သည်မှာ အခြားလက်ရုံးတပ်ဖွဲ့များနည်းတူ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ပြည်သူ့ဆက်ဆံရေးနှင့် ခေတ်သစ်ပညာရေးစိန်ခေါ်မှု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်း၏ မိန့်ခွန်းတွင် ပြည်သူ့ဆက်ဆံရေး (Public Relations) ၏ အနှစ်သာရကို အဖွဲ့အစည်းတစ်ခုနှင့်လူထုအကြား အပြန်အလှန် အကျိုးရှိစေမည့် ဆက်သွယ်ရေး မဟာဗျူဟာအဖြစ် အနက်ဖွင့်ဆိုခဲ့သည်။ ယနေ့ကမ္ဘာ့ဖြစ်စဉ်များအရ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်ခိုင်မာမှုရှိ၊ မရှိသည် ထိုနိုင်ငံ၏ အနာဂတ်ကို ဆုံးဖြတ်နေသည့် စိန်ခေါ်မှုကြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များလိုအပ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်လည်း ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်များ များစွာရှိရန်လိုအပ်ကြောင်း အလေးပေးညွှန်ကြားခဲ့သည်။

"အ" သုံးလုံးကျေမှုသည် တပ်မတော်ကလေးကျောင်းများအထိ

သမိုင်းကို ပြန်ကြည့်ပါက ၁၉၅၄ ခုနှစ် တပ်မှူးများညီလာခံမှ စတင်အသက်ဝင်ခဲ့သည့် တပ်မတော်သားတိုင်း အရေး၊ အဖတ်၊ အတွက် "အ" သုံးလုံးကျေပညာရပ်ကိုတတ်မြောက်ရမည်ဆိုသည့် မူဝါဒကို

> ✠ **အသိပညာနှင့် ပြည့်စုံသော တပ်မတော်သားများနှင့် လူငယ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထာဝရကာကွယ်စောင့်ရှောက်ရန် အခိုင်မာဆုံးသော အာမခံချက်ပင်ဖြစ် . . .**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့က ထိရောက်စွာအကောင်အထည်ဖော်နိုင်ခဲ့သည်။ ထို့ပြင် ၁၉၅၂ ခုနှစ်မှစ၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ **"တပ်မတော်ကလေးကျောင်း"** များကို စတင်ဖွင့်လှစ်ခဲ့သည်။ ယနေ့အခါတွင် ထိုကျောင်းများကို တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် အဆင့်မြင့် အခြေခံပညာကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို အားဖြည့်ကူညီပေးလျက်ရှိသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ် - မဟာဗျူဟာမြောက် ပညာရေးကဏ္ဍသစ်

လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် **ပညာရေးကဏ္ဍသစ်**တစ်ရပ်အဖြစ် ရန်ကုန်နှင့် နေပြည်တော်တို့တွင် **"တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများ"** ကို စတင်ဖွင့်လှစ်သွားမည့်အစီအစဉ်ကို ကြေညာခဲ့သည်။

ရန်ကုန်နှင့် နေပြည်တော်တို့တွင် စတင်ဖွင့်လှစ်မည့် ဤကျောင်းများသည် -

- စစ်မှုထမ်းဆောင်ဆဲ၊ အငြိမ်းစားနှင့် ကျဆုံးသွားသော စစ်သည်တော်တို့၏ သားသမီးများကို စဉ်ဆက်မပြတ် တာဝန်ယူစောင့်ရှောက်ရန် ရည်ရွယ်သည်။
- အခြေခံပညာအထက်တန်းအဆင့်မှစ၍ ထူးချွန်သူများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တက်ရောက်နိုင်ရန် တပ်မတော်က အစအဆုံးကူညီဖြည့်ဆည်းပေးမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် သင်တန်းကျောင်းများသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူငယ်မျိုးဆက်သစ်ကောင်းများကို စဉ်ဆက်မပြတ် ထွန်းကားလာစေမည့် "ပညာရေးဗိမာန်" များ ဖြစ်လာမည်ဖြစ်သည်။

အသိပညာဖြင့် တည်ဆောက်မည့်အနာဂတ်

"နိုင်ငံတော်တည်ရှိနေသရွေ့ တပ်မတော်သည် တည်ရှိနေရမည်" ဖြစ်ရာ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ တပ်မတော်သည် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားရမည့်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ၊ အသိပညာနှင့် ပြည့်စုံသော တပ်မတော်သားများနှင့် လူငယ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထာဝရကာကွယ်စောင့်ရှောက်ရန် အခိုင်မာဆုံးသော အာမခံချက်ပင်ဖြစ်သည်။ ဤစီမံကိန်းသည် တပ်မတော်မိသားစုများအတွက်သာမက နိုင်ငံတော်၏လူသားအရင်းအမြစ်ကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အားဖြည့်ပေးခြင်းလည်းဖြစ်သည်။

ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ အဖွဲ့အစည်းနှင့် လူထုအကြား အပြန်အလှန်အကျိုးရှိသည့် ဆက်သွယ်ရေးမဟာဗျူဟာဖြစ်သည့်အတိုင်း ယခုကဲ့သို့ ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အရည်အသွေးမြင့်ညာဏ်ရည်၊ ကိုယ်ကျင့်တရားနှင့် ပညာရေးကိုဖော်ဆောင်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ခြင်းပင်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ပြည်နယ်အဆင့် အရည်အချင်းစစ်စာမေးပွဲကျင်းပ



သထုံ မေ ၃

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)မှကြီးမှူး၍ ကျင်းပသည့် (၁၃)ကြိမ်မြောက် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ၏ မွန်ပြည်နယ်အဆင့် အရည်အချင်းစစ်စာမေးပွဲကို မေလ ၃ ရက် နံနက် ပိုင်းတွင် သထုံမြို့ ရွှေစာရံစေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ စာမေးပွဲကျင်းပရေးနာယကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးအဖွဲ့များ၊ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာသူအပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြပြီး ကြီးကြပ်ရေးအဖွဲ့မှ ဆရာတော်က စာဖြေသူများလိုက်နာကြရမည့် စည်းကမ်းတို့အား ရှင်းလင်းမိန့်ကြားသည်။

သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ သာမဏေနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၇ ဦးတို့ ဝင်ရောက်ဖြေဆိုပူဇော်ကြရာ စာဖြေသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက်ကြီးကြပ်ရေးဆရာတော်များနှင့်ကြီးကြပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများက ကြီးကြပ်စောင့်ရှောက်ပေးကြပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)၊ ၄၀၆

ကျောက်မဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ကျောက်မဲ မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှအစိုးရသစ်၏ရက်(၁၀၀) လမင်းစီမံချက်အရ ဒေသခံပြည်သူများ နိုင်ငံသားအခွင့်အရေးရရှိစေရန်အတွက် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းနှင့် Biometric ဇီဝအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို မေလ ၃ ရက် နံနက်ပိုင်းတွင် အမှတ်(၈)ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ထမ်းများက ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်နှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါစီမံချက်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ကာလအတွင်း မြို့ပေါ်ရပ်ကွက်ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စုခြောက်အုပ်စုတို့တွင် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

ပလန(၁) ပိတောက်မြိုင်ကျေးရွာကို ခေတ်မီစံပြကျေးရွာ(Smart Village) စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ



မြစ်ကြီးနား မေ ၃

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန် သည်ပြည်နယ်ဝန်ကြီးများ၊ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနား မြို့နယ် ပလနကျေးရွာအုပ်စု ပလန(၁) ပိတောက်မြိုင်ခေတ်မီစံပြကျေးရွာ (Smart Village)ရှိရွှေပိတောက်ခန်းမ၌ ကျေးရွာနေ ပြည်သူများနှင့် သွားရောက်တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာအတွင်းရှိ အိမ်ထောင်စု ၅၁၁ စုတို့အတွက် ဆန် ၂၄ ပြည်ပါ အိတ် ၁၀၀၊ ကျေးလက်စီးပွားမြင့်မားရေးအတွက် ခေတ်မီစံပြကျေးရွာစီမံကိန်းဖြင့် တည် ဆောက်ပေးခဲ့သည့်ကျေးရွာစာကြည့်တိုက် (Smart Library)အတွက် သုတ/ရသစာအုပ် ၂၀၀ နှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာ စီမံကိန်း (Smart Village) ဗိုလိုင်းနှင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုအတွက် အထောက်အကူပြု ပစ္စည်းများကို ပေးအပ်ကြရာ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကားနှင့် ကျေးရွာ အတွင်းရှိ အိမ်ထောင်စုများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပလန(၁) ပိတောက်မြိုင်ကျေးရွာကို ခေတ်မီ စံပြကျေးရွာ(Smart Village) စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသနေ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် စေရေး စိုက်ပျိုးရေးအတွက် မျိုးစေ့ အခမဲ့ပေးခြင်း၊ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ချေးငွေများချထားပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်အောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ပိတောက်မြိုင်ကျေးရွာနေ ပြည်သူများ၏ စည်းလုံးညီညွတ်မှုကြောင့် ရန်ပုံငွေများ ခွဲဝေချထားပြီး ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေ ခြင်းပင်ဖြစ်ပါကြောင်းတိုက်တွန်းမှာကြား သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခေတ်မီစံပြကျေးရွာ စီမံကိန်းဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ၁၈ ပေ x ၂၇ ပေရှိ ခေတ်မီစာကြည့်တိုက် (Smart Library) အဆောက်အအုံနှင့် စာကြည့်တိုက်အတွင်း စီမံကိန်းရန်ပုံငွေ ဖြင့် သုတ/ ရသ စာအုပ်စာစောင်များ၊ စာကြည့်တိုက်အသုံးအဆောင်များ ဝယ်ယူ ဖြည့်တင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်မှူး ခန့်ထားနိုင်ရေးနှင့် စာအုပ်စာစောင်ဖတ်ရှု ခြင်း၊ စာကြည့်တိုက်အဆင့်မြှင့်တင်ခြင်း များကို တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစား ဖြည့်ဆည်းပေးနိုင်ရေး ဌာနဆိုင်ရာများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

ပြည်နယ်(ပြန်/ဆက်)

တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံ သာယာလှပရေး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး ကြည့်ရှုစစ်ဆေး



တောင်ကြီး မေ ၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး သည် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသား ရေးရာဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ သက်ဆိုင်ရာ ပြည်နယ် အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ဗိုလ်ချုပ် ပန်းခြံသာယာလှပရေး ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ ဗိုလ်ချုပ်ပန်းခြံနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးဌာနမှအမှုဆောင် အရာရှိက ရှင်းလင်းတင်ပြရာ ပြည်နယ် ဝန်ကြီးချုပ်က ပန်းခြံအား စဉ်ဆက်မပြတ် စိမ်းလန်းစိုပြည်ပြီး သာယာလှပနေရန် အတွက် ပန်းအလှပင်များထပ်မံစိုက်ပျိုးပေး ရန်လိုအပ်ကြောင်း၊ သင့်လျော်မည့်နေရာ တွင် ရေပန်းများဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းမှာကြားပြီး ပန်းခြံအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ပေါ် ရပ်ကွက်(၂၀)ကို ရေပေးဝေရေးဆောင်ရွက် လျက်ရှိသည့် ရှရှားရောကန်အားသွားရောက် ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင် သာယာရေးဝန်ကြီးနှင့် ပြည်နယ်စည်ပင် သာယာရေးညွှန်ကြားရေးမှူးတို့က ရောကန် နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ် ဝန်ကြီးချုပ်က မြို့ရေပေးဝေရေးစနစ်ကို အချိန်တစ်ခုယူ၍ ကြိုးစားဆောင်ရွက် ပေးကြရန်၊ ရေမရရှိသေးသည့် ရပ်ကွက် နေရာများကို သက်ဆိုင်ရာဌာနကကွင်းဆင်း ကြည့်ရှုစစ်ဆေးပေးရန် လိုအပ်ပါကြောင်း၊ မြို့ပေါ်ရေပေးဝေရေးနှင့် ပတ်သက်၍ နေ့စဉ်ပုံမှန်ရေပေးဝေနိုင်ရန် ဆောင်ရွက် ရမည့် နည်းလမ်းကို တင်ပြပေးစေလို ကြောင်း၊ လက်ရှိရေပေးဝေလျက်ရှိသည့် မြို့ပေါ်ရပ်ကွက်(၂၀)ကိုလည်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးတင်ပြရန်နှင့် လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာန အနေဖြင့် ရှရှားရောကန်ပတ်ဝန်းကျင်တွင် သစ်တောသစ်ပင်များကို ပြန်လည် ဖြည့်ဆည်းစိုက်ပျိုးပေးရန်နှင့် စဉ်ဆက် မပြတ်ထိန်းသိမ်းစောင့်ရှောက်ပေးရန်၊ ပျိုးပင်များကို ကြိုတင်ပြုစုပျိုးထောင် စိုက်ပျိုးပေးရန်လိုအပ်ကြောင်းမှာကြားပြီး ရောကန်အား လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ညောင်ပင်သာကျေးရွာတွင် ရက် ၁၀၀ စီမံချက်ဖြင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်



နေပြည်တော် မေ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် ရက် ၁၀၀ စီမံချက်ဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲပိုင်းတွင် ကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်သည်။

ရေးဦးစွာ တပ်ကုန်းမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်လင်းထက် က ညောင်ပင်သာကျေးရွာ ရွာတွင်းကွန် ကရစ်လမ်း အရှည် ၆၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၇ လက်မနှင့် Pipe Culvert တစ်စင်း ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆိုင်ရာ အကြောင်းများ ရှင်းလင်းတင်ပြ ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူးဦးစိုးမောင်က ရွာတွင်းကွန်ကရစ်လမ်းခင်းကျင်းနေမှု များအား ကြည့်ရှုစစ်ဆေးကာ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ကွန်ကရစ်လမ်း ဆောင်ရွက်ရေး၊ သတ်မှတ်ကာလ အချိန်မီ ပြီးစီးရေး၊ အရည်အသွေးပြည့်ဝသည့် ကွန်ကရစ်လမ်းဖြစ်စေရေး ရှင်းလင်း မှာကြားခဲ့ကြောင်း သိရသည်။

(၄၀၂)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါ အဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဂန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေအပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်ဝိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြွံခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ခန် / သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျန်နိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမိုးက်များနှင့် ပစ္စည်းများ လေနှင့်လွှင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၅။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၆။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီအခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ကောင်းမွန်သောပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို အကျိုးအရှိဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ရန်အရေးကြီး

နေပြည်တော် ၊ မေ ၃



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရေဆင်းရှိသစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် သစ်တောသုတေသနဌာနခွဲမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက သစ်တောသုတေသနဌာနခွဲ စုဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် ဝန်ကြီးဌာနအတွက် လိုအပ်သောသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လူသားအရင်းအမြစ်များဖြည့်ဆည်းပေးသည့် မရှိမဖြစ် ပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ယခုနှစ် ကျောင်းပြန်ဖွင့်ချိန်တွင် အဆောက်အအုံများ ဥပမာရုပ်ကောင်းမွန်စေရေးဆောင်ရွက်ထားရမည့်အပြင် သင်ကြားရေးဆိုင်ရာ အရည်အသွေးပြည့်မီစေရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး အတွက်ပါ ဦးစားပေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လက်ရှိနှင့် အနာဂတ်တွင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ကောင်းမွန်သောပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို အကျိုးအရှိဆုံးဖြစ်အောင် အသုံးချနိုင်မည့်စနစ်များ ဆောင်ရွက်နိုင်ရန်အတွက် သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း၊ အရည်အသွေးပြည့်ဝသည့် အသုံးချသုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သုတေသနလုပ်ငန်းများမှာ AI နည်းပညာကို သစ်တောစီမံခန့်ခွဲမှု၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ သုတေသနရလဒ်များဖော်ထုတ်ရာတွင် အထောက်အကူပြုအဖြစ် ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရေရှည်မျှော်မှန်းချက်များ၊ ရည်မှန်းချက်များကို ဆက်လက်ကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်၏လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောင်းဖွင့်ရာသီအတွက် ကြိုတင်ပြင်ဆင်နေမှုကိုလည်းကောင်း၊ သစ်တောသုတေသနဌာနခွဲ ညွှန်ကြားရေးမှူးက သစ်တောသုတေသနဌာနခွဲ၏လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ တက်ရောက်လာသည့် ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက်သစ်တောသုတေသနဌာနခွဲရှိ မြေဓာတ်ခွဲခန်းတွင် မြေအရည်အသွေးစမ်းသပ်ဆောင်ရွက်နေမှု၊ ဇီဝမျိုးစုံမျိုးကွဲများ သုတေသနပြုလေ့လာထိန်းသိမ်းရေးဗဟိုဌာနရှိ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ သစ်တောဦးစီးဌာနနှင့် Chinese Academy of Science – CAS တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းရှိ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေဓာတ်ခွဲခန်း၌ ရေအရည်အသွေးစမ်းသပ်ဆောင်ရွက်နေမှုတို့ကို လေ့လာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ Recreation Center တစ်လုံး၊ နှစ်ထပ်စာသင်ဆောင်တစ်ဆောင်နှင့် ကျောင်းသားအိပ်ဆောင်တစ်ဆောင် တည်ဆောက်ရန် မြေနေရာလျာထားမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ရွှေကျပျိုးဥယျာဉ်သို့ ရောက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲကျင်းပနိုင်ရေးအတွက် ပျိုးပင်များ ကြိုတင်ပြင်ဆင်ပျိုးထောင်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားကာ ပျိုးပင်များအားလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

(၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ Virtual စနစ်ဖြင့်တက်ရောက်





နေပြည်တော် ၊ မေ ၃

ဥဇောဂ်ကစ္စတန်နိုင်ငံ၌ ယနေ့ကျင်းပသည့် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (29th ASEAN+3 Finance Ministers' and Central Bank Governors' Meeting – 29th AFMGM+3)သို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှပစိဖိုးရေးဘဏ်နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးတို့မှ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ မေခရိုစီးပွားရေးအလားအလာများ၊ အရှေ့အလယ်ပိုင်း၌ဖြစ်ပွားနေသောအခြေအနေများကြောင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများဖြစ်ပေါ်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဒေသတွင်းစိန်ခေါ်မှုများနှင့် မသေချာမရေရာမှုများမြင့်တက်နေသည့်အခြေအနေများကို ဖြေရှင်းရာတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုစနစ် (Multilateralism) ကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဒေသတွင်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းစေရန် အထူးအလေးထားပါကြောင်း၊ အာဆီယံ+၃ နိုင်ငံများ၏ မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုကို ကာကွယ်ရန် မူဝါဒဆိုင်ရာဆွေးနွေးပွဲများ ဆက်လက် ဆောင်ရွက်သွားမည့်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ငွေရေးကြေးရေးစွေးကွက်များအတွင်း မတည်ငြိမ်မှုအခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို အမြဲသတိထားစောင့်ကြည့်နေမည်ဖြစ်ပြီး ပြည်တွင်းအခြေအနေများနှင့် ကိုက်ညီစေရေးအတွက် တုံ့ပြန်ဆောင်ရွက်ရန် အဆင်သင့်ရှိနေပါကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများဖွင့်လှစ်ပေးထားမည်ဖြစ်ပြီး ကောင်းမွန်စွာ လည်ပတ်နိုင်စေရန်နှင့် ထောက်ပံ့ရေးကွင်းဆက်များကို ခိုင်မာစေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) ၏ အခြေခံစည်းမျဉ်းများနှင့်အညီ တန်းတူညီမျှမှုရှိသည့်ပွင့်လင်းမြင်သာသော ဘက်စုံကုန်သွယ်ရေးစနစ်ကို ဆက်လက်အားပေးထောက်ခံပါကြောင်း၊ ယခုကဲ့သို့ မသေချာမရေရာမှုများ မြင့်တက်နေသောကာလများတွင် ဒေသတွင်းတည်ငြိမ်မှုနှင့် ခံနိုင်ရည်ရှိမှုကို ထောက်ပံ့ပေးရာတွင် အာဆီယံ +၃ နိုင်ငံများပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးထားပါကြောင်း၊ ထို့ပြင် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေသတွင်း ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍများကို ဆက်လက်အတည်ပြုပါကြောင်း ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အာဆီယံ+၃ ဒေသတွင်းနိုင်ငံများ၏စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၆ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း လျော့နည်းလာမှုနှင့်အတူ တည်ငြိမ်သောစီးပွားရေးတိုးတက်မှုနှုန်းဖြင့် စတင်နိုင်ခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့နိုင်ငံရေးတင်းမာမှုများနှင့် စွမ်းအင်ဈေးနှုန်းမတည်ငြိမ်မှုများကြောင့် စီးပွားရေးတိုးတက်မှုတွင် မသေချာမရေရာမှုများတိုးလာနိုင်ပါကြောင်း။

ထို့ကြောင့် စွမ်းအင်လုံခြုံရေးသည် မခရိုစီးပွားရေးဆိုင်ရာ တည်ငြိမ်မှုအတွက် အရေးပါသော အချက်တစ်ခုဖြစ်လာပြီး ဒေသတွင်း စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုများနှင့် ရေရှည်တည်တံ့သော ဘဏ္ဍာငွေဖြည့်ဆည်းမှုများကို တိုးမြှင့်ရန်လိုအပ်ပါကြောင်း၊ ဗဟိုဘဏ်များအနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရန် အမြဲသတိထားရှိ၍ လိုက် လျောညီထွေဖြစ်စေမည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒများချမှတ်နိုင်ရန်နှင့် အရင်းအနှီးစီးဆင်းမှုကိုထိန်းချုပ်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံခြားငွေကြေးစျေးကွက် အားကောင်းခိုင်မာမှုရှိစေရေးနှင့် နိုင်ငံခြားသုံးသီးသန့်ငွေကို မြှင့်တင်ထိန်းသိမ်းခြင်းသည်လည်းအရေးပါပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒေသတွင်းစီးပွားရေးခိုင်မာတည်ငြိမ်စေရေးအတွက် အာဆီယံ+၃ အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးအစီအစဉ်နှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ပြင်ပမှရိုက်ခတ်မှုများကြောင့် ပြည်ပငွေပေးငွေယူစာရင်း (Balance of Payments – BOP) တွင် ကာလတိုအခက်အခဲများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန်နှင့် အရေးပေါ်ဘဏ္ဍာငွေ ဖြည့်တင်းရေး အစီအစဉ် (Rapid Financing Facility) ကို အကောင်အထည်ဖော်နိုင်ရန်အတွက် စတုတ္ထ အကြိမ်မြောက်ထပ်မံပြင်ဆင်ခဲ့သည့်ဇင်းမယ် အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရေးအပေါ် မိမိတို့နိုင်ငံအလိုက်ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးအပြီးသတ်ဆောင်ရွက်ရန် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက သဘောတူခဲ့ကြသည်။

ဆက်လက်၍ အာဆီယံ+၃ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ တိုးမြှင့်ဆောင်ရွက်မှုအဆင့်တစ်ခုအဖြစ် အာရှငွေချေးစာချုပ်စျေးကွက် အစီအစဉ်အား အာရှငွေချေးစာချုပ်နှင့် ငွေရေးကြေးရေးစျေးကွက်အစီအစဉ်သို့ အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများအတွက် ဘဏ္ဍာငွေဖြည့်တင်းရေးအစီအစဉ်ဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆ – ၂၀၂၈)နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်ဒစ်ဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ရေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များစသည်တို့အပေါ် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အတည်ပြုချက်ရယူသည့် ကိစ္စရပ်များအပေါ် အတည်ပြုပေးခဲ့ကြသည်။

ထို့နောက် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အတည်ပြုခဲ့ကြကာ (၃၀) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ၂၀၂၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

(၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

နေပြည်တော် မေ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဥဇဘက်ကစ္စတန်နိုင်ငံ Samarkand မြို့၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ Virtual စနစ်ဖြင့် တက်ရောက်သည်။



နံနက်ပိုင်းတွင်ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာအမြင်ချင်းဖလှယ်မှု (Fiscal Exchange) အစီအစဉ်၌ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) မှကိုယ်စားလှယ်ကရသုံးမှန်းခြေဆိုင်ရာစီမံခန့်ခွဲမှုနှင့် လူဦးရေပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ အခွန်ရငွေစီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အာဆီယံ+၃ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းကို နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework – MTFF) ကို အခြေခံ၍ ရေးဆွဲထားပြီး ပြည်သူ့ရေးရာ မူဝါဒများနှင့်သင့်လျော်သောစီမံကိန်းများကို ညှိနှိုင်းရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား၌ ဘဏ္ဍာရေးချိတ်ဆက်မှုနှင့် ဘတ်ဂျက်ခွဲဝေမှုများကိုလည်း MTFF မှတစ်ဆင့် မူဝါဒအခြေခံသည့်ဘတ်ဂျက်နှင့် စည်းမျဉ်းအပေါ်အခြေခံသည့် ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဘဏ္ဍာရေးဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။ လူဦးရေပြောင်းလဲမှုများနှင့် အခွန်ရငွေစီမံခန့်ခွဲမှုတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်းရှိလူဦးရေမှာ ၆၆ ဒသမ ၉ ရာခိုင်နှုန်းရှိနေသည့်အတွက် အခွန်ရငွေတိုးတက်ရရှိရေး အခွင့်အလမ်းဖြစ်ပြီး ထိုအခွင့်အရေးကို အောင်မြင်စွာအသုံးချနိုင်ရန် နိုင်ငံတော်၏အခွန်တိုးတက်ကောက်ခံရရှိရေးအတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် အခွန်နှုန်းထားများကို တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေခဲ့ထွင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင်ကျင်းပသည့် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၌ စီးပွားရေးသုံးသပ်မှုနှင့် မူဝါဒဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးတို့မှ ကိုယ်စားလှယ်များက ကမ္ဘာနှင့်ဒေသဆိုင်ရာစီးပွားရေးသုံးသပ်မှုများကို ရှင်းလင်းတင်ပြကြရာ အာဆီယံ+၃ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများကအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ+၃ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းရေးအစီအစဉ်ကိုကျင်းပရာ အာဆီယံ+၃ မဟာဗျူဟာလမ်းညွှန်နှင့်ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး အစီအစဉ်အပါအဝင် ဒေသတွင်း ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများခိုင်မာလာစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးမှ ဆောင်ရွက်နေမှုအခြေအနေများ၊ အာရှငွေချေးစာချုပ်စေ့ငုံကွက်အစီအစဉ်အကောင်အထည်ဖော်မှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနိုင်ခြေရှိမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေဖြည့်ဆည်းပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ အရှေ့တောင်အာရှသဘာဝဘေးအန္တရာယ်ဆိုင်ရာအာမခံပုံပိုးပေးမှုအစီအစဉ်များကို အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးတို့မှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြရာ အာဆီယံ+၃ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး ပူးတွဲကြေညာချက်ကို အပြီးသတ် ဆွေးနွေးအတည်ပြုကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းသည်။

(၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ဥဇဘက်ကစ္စတန်နိုင်ငံ Samarkand မြို့တွင် မေလ ၃ ရက်မှ ၆ ရက်အထိကျင်းပလျက်ရှိသည့် (၅၉) ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်နှစ်ပတ်လည်အစည်းအဝေးကာလအတွင်း ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ အပေါင်း ၃ နိုင်ငံများဖြစ်ကြသည့် ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် Mr. Yuncheol Koo၊ ဂျပန်နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီး Ms. Satsuki Katayama နှင့် တရုတ်နိုင်ငံမှ လက်ထောက်ဘဏ္ဍာရေးဝန်ကြီး Ms. Junhong Chang၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Masato Kanda၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Deputy Managing Director Mr. Kenji Okamura နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးမှ Director/ CEO Mr. Yasuto Watanabe တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပို့ကုန်/သွင်းကုန်လုပ်ငန်းဆောင်ရွက်နေမှု၊ ခရီးသည်ဝင်/ထွက်သွားလာမှု ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းပို့ကုန်/သွင်းကုန် ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြည်ပခရီးသည် ဝင်/ထွက်သွားလာမှုနှင့်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သွင်းကုန်အစည်းအဝေးခန်းမတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်၊ ပူးပေါင်းအဖွဲ့ဝင်များအနေဖြင့် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ရှိရသည့်အားနည်းချက်၊ အားသာချက်များကို လစဉ်ညှိနှိုင်း အစည်းအဝေးပြုလုပ်၍ သုံးသပ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာ စေတနာထား၍ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းပို့ကုန်/သွင်းကုန် ကုန်ပစ္စည်းစစ်ဆေးမှုနှင့် ပြည်ပခရီးသည်ဝင်/ထွက်သွားလာမှု စစ်ဆေးဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟ အစည်းအဝေးခန်းမတွင် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်ပအစည်းအဝေးနှင့် ညီလာခံများတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော ဝန်ထမ်းများက ပြည်ပအတွေ့အကြုံများကို ရှင်းလင်းတင်ပြမှုနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားဆောင်ရွက်ပေးကြောင်း သိရသည်။



မြဝတီ

➤ ရှေ့ဖုံးမှအဆက်

ယင်းစာမေးပွဲ၌ အလယ်တန်းအဆင့်တွင် ပထမရရှိသူတစ်ဦးနှင့် မူလတန်းအဆင့်တွင် ပထမရရှိသူတစ်ဦးကိုရွေးချယ်၍ ရန်ကုန်မြို့၌ ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထူးချွန်ဆုနှင့်ရွှေတံဆိပ်ဆုရွေးချယ်ပြိုင်ပွဲသို့ သွားရောက်ဖြေဆိုစေမည်ဖြစ်သည်။

သုတစုံလင်ဗုဒ္ဓဝင်သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့်လည်းကောင်း၊ နွေရာသီတစ်လတာသင်တန်းများကို မြန်မာဘာသာဖြင့်လည်းကောင်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

● ကျောဖုံးမှအဆက်

စီမံကိန်းသီးနှံ ၁၆၈၉ ကော စိုက်ပျိုးထားကြောင်း သိရသည်။

စီမံကိန်းသီးနှံများအောင်မြင်ဖြစ်ထွန်းရေး မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများလုံလောက်စွာပေးဝေလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Local market sees good trading of red butter bean in Kyonpyaw Township



KYONPYAW May 3

The red butter bean is in high demand at the domestic market in Kyonpyaw Township of Ayeyawady Region, said Daw Yu Wai, the owner of pulses and beans trading depot in Kyonpyaw Township.

At the Kyonpyaw bean trading market, demand for red butter bean (large flat variety) has been strong since the second week of March up to the present, resulting in active trading. It is reported that more than 100 bags (each containing 16 pyi) are traded daily. The increased demand and active trading of red butter beans are attributed to growing demand in the domestic market.

"Currently, red butter beans are in higher demand than other types of beans in the local market. The domestic market is purchasing more red butter beans, which has made trading more active. Traders from Yangon have informed us that demand has increased because the beans are being exported again to foreign markets. Buying interest began around the second week of this month. In recent days, the price of red butter beans has also risen slightly. At present, butter bean growers and traders who have stored the beans are experiencing strong sales. Trading in red butter beans is expected to remain good until the next harvest season," said Daw Yu Wai.

At the Kyonpyaw bean market, a 16-pyi bag of red butter beans currently sells for up to Ks-175,000. Due to the strong demand for these beans, warehouse operators, traders, transport operators, and cargo workers involved in the trade are also benefiting.

SK

Ayadaw Township completes harvest of groundnut plantations

AYADAW May 3

Local farmers harvested all sown acreage of groundnut in Ayadaw Township of Sagaing Region, according to the Monywa District Agriculture Department.

In Ayadaw Township, a total of 16,846 acres of groundnuts were cultivated during the winter cropping season. Harvesting of the groundnut fields began in January this year, and 100 percent of the cultivated acreage has now been harvested, with an average yield of 56.01 baskets per acre, according to reports.

"During the winter cropping season in Ayadaw Township, 16,846 acres of groundnuts were cultivated. At present, all of the cultivated groundnut fields have been fully harvested," said Daw San San Myint, District Staff Officer of the Department of Agriculture in Monywa District.

In Ayadaw Township, about one and a half baskets of seed are required per acre for groundnut cultivation. The total cultivation cost, including seed, labour, fertilizers, and pesticides, amounts to more than Ks-200,000 per acre, and the yield is more than 50 baskets per acre.

To ensure the successful growth of groundnut fields in Ayadaw Township and to prevent pests, diseases, and weed infestation, staff from the Township Department of Agriculture conducted field inspections and pest surveillance monitoring in the fields.

SMK

Merchants from Dedaye Township sell large volume of dried Mackerel fish to Yangon market



DEDAYE May 3

Daw Win Htay, the owner of dried fish trading depot in Dedaye Township of Ayeyawady Region, said that local merchants from Dedaye Township supplied a large volume of dried Mackerel fish to Yangon market.

From Dedaye Township, about 65,000 viss of dried mackerel were sold to the Yangon market.

"We systematically produce dried mackerel and mainly export it to the Yangon market. From Dedaye Township, up to 65,000 viss were sold over the past month. As the Yangon market is showing strong demand for locally produced goods, exports are ongoing. The dried marine fish currently being traded were produced during the summer season. Dried marine fish are in high demand domestically due to strong consumer consumption," said Daw Win Htay.

In Dedaye Township, aquatic product traders process fish paste and dried fish, and export dried fish—including locally produced dried mackerel—to the Yangon market. The price of dried mackerel is reported to reach up to Ks-48,000 per viss.

SMK

Pwintbyu Township finishes cultivation of summer sesame

PWINTBYU May 3

According to the Township Agriculture Department, local farmers planted 5,120 acres of sesame with the irrigation water from Mezali diversion weir in Pwintbyu Township of Magway Region.

In Pwintbyu Township, a total of 33,737 acres of sesame has been targeted for cultivation during this year's summer cropping season. Planting began in March, and as of today, 5,120 acres have been completed. Local farmers are continuing cultivation under the supervision of the Township Department of Agriculture to ensure that the target acreage is fully met.

"This year, in the summer cropping season, we have set a target of 33,737 acres of sesame cultivation in Pwintbyu Township. To meet this target, sesame is currently being cultivated using water from the Mezali diversion dam. As of today, 5,120 acres have been planted. Regarding sesame cultivation, we are supervising and providing awareness activities to farmers, encouraging them to expand the cultivated acreage, select high-yield and quality seed varieties, apply GAP (Good Agricultural Practices) methods to ensure good crop quality, systematically use agricultural inputs, and prevent pest and disease infestations," said Daw Moe Moe Wai, Township Officer of the Pwintbyu Township Department of Agriculture.

During this year's summer cropping season, the Township Department of Agriculture, in cooperation with relevant departments, is supporting and assisting sesame farmers in Pwintbyu Township by providing awareness and technical guidance on the use of high-yield seed varieties, correct cultivation methods, efficient water management, and pest and disease control.

If sesame can be cultivated successfully with improved yields, it will not only help ensure sufficient local edible oil consumption but also allow surplus production to be sold, generating income and contributing to socio-economic development. Therefore, efforts should be made to expand sesame cultivation across regions, the township officer added.

SK

All sown acreage of groundnut harvested in KhinU Township

KHINU May 3

Statistics of KhinU Township Agriculture Department mentioned that local farmers harvested all plantations of groundnut grown in the cold season in KhinU Township of Sagaing Region.

In KhinU Township, a total of 33,821 acres of groundnut were cultivated during the winter cropping season. Harvesting of these groundnut fields began in January this year, and as of today, harvesting has been completed on 100 percent of the total acreage, with an average yield of 60.24 baskets per acre.

"During the winter cropping season in KhinU Township, 33,821 acres of groundnut were cultivated. At present, all of the cultivated groundnut fields have been fully harvested. Groundnut cultivation has been successful and productive. As an oil crop, it is in a successful plantation, and groundnut cultivation has been increasing year by year," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

In KhinU Township, it is reported that about one and a half baskets of seed are required per acre for groundnut cultivation, and the total cost per acre—including seeds, labour, fertilizers, and pesticides—exceeds Ks-200,000. The yield per acre is reported to be over 50 baskets.



To ensure successful groundnut cultivation, prevent pest and disease infestation, and keep fields free of weeds, staff from the Township Department of Agriculture conducted field inspections and maintained monitoring records in the fields. **SMK**

All maize plantations harvested in Myinmu Township



MYINMU May 3

According to Sagaing District Agriculture Department, local farmers have harvested all plantations of maize in Myinmu Township of Sagaing Region.

In Myinmu Township, during the winter cropping season, a total of 72,178 acres of maize and 5,754 acres of sweet corn, totalling 7,932 were cultivated. Harvesting of the cultivated corn fields began in January this year and has continued up to the present. The maize produced an average yield of 52.74 baskets per acre from 2,178 acres, while the 5,754 acres of sweet corn yielded more than 27,000 ears per acre.

"During the winter cropping season in Myinmu Township, only about 7,932 acres of maize and sweet corn were cultivated. At present, harvesting of all the corn fields has been fully completed. In order to ensure the successful growth of the corn crops, awareness activities were conducted and guidance was provided to prevent pest and disease infestations," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

In Myinmu Township, the Township Department of Agriculture has also provided training for farmers cultivating maize and sweet corn, conducted field demonstrations, implemented preventive measures against the fall armyworm, and promoted integrated crop protection systems, including the use of neem-based pesticides and pest-control measures using ginger and chilli, as well as other agricultural knowledge-sharing activities.

Farmers have to cost Ks-500,000 per acre of growing maize which can yield more than 50 baskets per acre while spending more than Ks-500,000 per acre to grow sweet corns which can produce 15,000 cobs per acre. **SK**

Over 5,000 acres of cowbean reaped in Kyunhla Township

KYUNHLA May 3

Local farmers have harvested more than 5,000 acres of cowbean in Kyunhla Township of Sagaing Region, according to the Township Agriculture Department.

In Kyunhla Township, a total of 7,321 acres of cowbean were cultivated during the winter cropping season. Harvesting of these cowbean fields began in January this year, and as of today, 5,310 acres have been harvested, with an average yield of 18.20 baskets per acre.

"During the winter cropping season in Kyunhla Township, 7,321 acres of cowbean were cultivated to increase pulse production and ensure food sufficiency. At present, harvesting of these fields is underway, and more than 5,000 acres have been completed to date. Cowbean is widely consumed domestically, so it has a stable market, and farmers find it profitable," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

In Kyunhla Township, the Township Department of Agriculture has provided awareness and technical guidance to cowbean farmers to achieve better yields, access high-quality and regionally suitable seed varieties, apply correct cultivation techniques, prevent pest infestations, and use fertilizers systematically.

During this year's winter cropping season, for the cultivation of various pulse crops, the relevant Township Department of Agriculture has worked in cooperation with farmers to provide necessary support, including quality seeds, agricultural inputs, and post-harvest technology, in order to ensure good yield and crop quality. **SK**

More than 2,000 acres of sunflower harvested in Mawlaik Township

MAWLAIK May 3

Statistics of Mawlaik District Agriculture Department stated that local farmers harvested more than 2,000 acres of sunflower in Mawlaik Township of Sagaing Region.

In Mawlaik Township, a total of 5,564 acres of sunflower were cultivated during the winter cropping season. Harvesting of these sunflower fields began in January this year, and as of today, 2,445 acres have been harvested, with an average yield of 30.57 baskets per acre.

"In Mawlaik Township, a total of 5,564 acres of sunflower were planted during the winter cropping season. At present, harvesting is underway, and more than 2,000 acres have been completed to date. To reduce reliance on imported palm oil, we have been promoting the expansion of sunflower cultivation as an oil crop. Compared to other oil crops such as groundnut and sesame, sunflower produces a higher oil yield per acre," said Daw Kywe Kywe Hlaing, Head of the Mawlaik District Department of Agriculture.

To promote expanded sunflower cultivation in Mawlaik Township, the Township Department of Agriculture has accelerated the implementation of training and awareness programs, as well as capacity-building activities for both staff and farmers.

Arrangements have been made to provide sunflower seeds to farmers, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems. **SMK**

India launches Earth observation satellite

NEW DELHI May 3

India's space agency, the Indian Space Research Organization (ISRO), on Sunday launched a privately-developed Earth observation satellite "Drishti," developed by the country's space-tech startup "GalaxEye."

The ISRO posted on X that it was a significant milestone in India's space journey.

Congratulating the successful launch, Indian Prime Minister Narendra Modi described it as "a major achievement in our space journey."

Xinhua



Putin's speech at May 9 parade awaited by whole world - Kremlin

MOSCOW May 3

The speech of Russian President Vladimir Putin at the May 9 parade is awaited by the whole world, Kremlin spokesman Dmitry Peskov said.

The military parade marking the 81st anniversary of the Victory in the Great Patriotic War will be held in Moscow's Red Square on May 9.

"We expect the president to deliver a very important speech at the parade, as is the custom. It is always awaited by the whole world, and rightly so," Peskov told Vesti journalist Pavel Zarubin.

Putin will have a busy schedule on May 9, with a number of bilateral meetings with foreign guests on the agenda, the presidential spokesman said. These include Slovak Prime Minister Robert Fico and Belarusian President Alexander Lukashenko.

Sputnik

Chinese automaker Chery leads Israel auto sales in January-April



JERUSALEM May 3

Chinese automaker Chery led Israel's car market in the first four months of 2026, according to data issued by the Israel Vehicle Importers Association on Sunday.

Chery, which offers gasoline, hybrid, and full-electric cars from its Omoda, Jaecoo, Tiggo, Fx, and Arrizo series, sold 26,777 units during the period.

Japanese carmaker Toyota ranked second with 11,421 units, followed by South Korea's Hyundai with 11,392, the data showed.

Chinese brands as a whole accounted for the largest share of Israel's imported passenger car sales during the period, with 48,627 units delivered. In the electric vehicle (EV) segment, Chinese models as a whole made up 75.6 percent of sales, selling 9,437 units.

Xinhua

2 U.S. service members missing after military exercises in Morocco, says U.S. Africa Command

WASHINGTON May 3

Two U.S. service members are missing near the city of Tan Tan, southwestern Morocco, after participating in annual multinational military exercises in the country, the United States Africa Command (AFRICOM) said Sunday.

"The incident remains under investigation," it said in a statement, adding that the search and rescue operation is ongoing.

The two service members who went missing on Saturday were participating in African Lion, AFRICOM's largest annual joint exercise, designed to "strengthen interoperability" among U.S. forces, NATO allies and African partner nations, according to U.S. Army Europe and Africa.

"U.S., Moroccan and other assets from African Lion immediately initiated coordinated search and rescue operations, including ground, air, and maritime assets," AFRICOM said, adding that "additional information will be provided as it becomes available."

African Lion 2026 is hosted by Morocco, Ghana, Senegal and Tunisia.

Xinhua

9 killed in Delhi house fire after air-conditioner blast

NEW DELHI May 3

At least nine persons, including a child and four women, were killed and nearly 20 others injured early Sunday morning in a massive fire which broke out inside a multi-story house in Delhi after a powerful blast in the air-conditioner, the Delhi Police confirmed.

The incident occurred in the Vivek Vihar area of East Delhi when the victims were asleep. The fire engulfed the whole house within a few minutes, said the police.

All nine bodies had been recovered from different parts of the ill-fated house. Those injured were admitted to a local hospital.

A total of 14 fire tenders were rushed to douse the fire. Efforts were made to ascertain the cause of the blast in the air-conditioner.

Xinhua

Trump says U.S. plans to withdraw troops from Germany "a lot further"

WASHINGTON May 3

U.S. President Donald Trump said Saturday the United States plans to withdraw "a lot further" than the 5,000 troops from Germany that the Pentagon had said earlier this week.

"We're going to cut way down, and we're cutting a lot further than 5,000," Trump told reporters before boarding Air Force One in the southeastern U.S. state of Florida.

The Pentagon on Friday announced the withdrawal of about 5,000 U.S. troops from Germany, which is expected to be completed over the next six to 12 months.

"This decision follows a thorough review of the (Defence) Department's force posture in Europe and is in recognition of theater requirements and conditions on the ground," chief Pentagon spokesman Sean Parnell said in a statement.

The North Atlantic Treaty Organization (NATO) said Saturday it was working with the United States to understand Washington's decision to withdraw troops from Germany, amid fresh tensions between the United States and Germany over the Middle East crisis.

Earlier, Trump hinted at a troop withdrawal after German Chancellor Friedrich Merz said Iran was "humiliating" Washington in negotiations to end the conflict between the two sides.

On Thursday, Trump said he may also reduce U.S. military presence in Spain and Italy, while slamming European allies for not helping in the U.S.-Israeli war against Iran.

Germany is prepared for a possible reduction of the U.S. troops in the country, German Foreign Minister Johann Wadephul said Thursday.

More than 36,000 U.S. active duty troops were deployed to bases throughout Germany as of the end of last year, along with nearly 1,500 reservists and 11,500 civilians, according to Defence Department data.

Germany also hosts the headquarters of U.S. European Command and Africa Command, and its Ramstein Air Base serves as a key hub for U.S. military operations.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 49

Questions 1

Exercises

49.2 **Make questions with** who **or** what.

1	Somebody hit me.	Who hit you?
2	I hit somebody.	Who did you hit?
3	Somebody paid the bill.	Who .....
4	I'm worried about something.	What .....
5	Something happened.	.....
6	Diane said something.	.....
7	This book belongs to somebody.	.....
8	Somebody lives in that house.	.....
9	I fell over something.	.....
10	Something fell off the shelf.	.....
11	This word means something.	.....
12	Sarah was with somebody.	.....
13	I'm looking for something.	.....
14	Emma reminds me of somebody.	.....

49.3 **Put the words in brackets in the correct order.**

1 (when / was / built / this house?) When was this house built?
2 (how / cheese / is / made?) .....
3 (why / Sue / working / isn't / today?) .....
4 (what time / arriving / your friends / are?) .....
5 (why / was / cancelled / the meeting?) .....
6 (when / invented / paper / was?) .....
7 (where / your parents / were / born?) .....
8 (why / you / to the party / didn't / come?) .....
9 (how / the accident / did / happen?) .....
10 (why / happy / you / aren't?) .....
11 (how many / speak / can / languages / you?) .....

49.4 **Write negative questions from the words in brackets. In each situation you are surprised.**

1 A: We won't see Lisa this evening.
B: Why not? (she / not / come / out with us?) Isn't she coming out with us?
2 A: I hope we don't meet Luke tonight.
B: Why? (you / not / like / him?) .....
3 A: Don't go and see that film.
B: Why not? (it / not / good?) .....
4 A: I'll have to borrow some money.
B: Why? (you / not / have / any?) .....

Raymond Murphy

စစ်မီးဂယက်ထဲက မီးဖိုချောင်အတွက် ဇီဝဓာတ်ငွေ့မျှော်လင့်ချက်

ထက်မြတ်



ကမ္ဘာ့နေရာအသီးသီးမှာဖြစ်ပွားနေတဲ့ စစ်ပွဲတွေနဲ့ နိုင်ငံရေးပဋိပက္ခတွေဟာ သေနတ်သံတွေငြိမ်သက်သွားရင်တောင် နောက်ဆက်တွဲဂယက်တွေကတော့ ရပ်တန့်မသွားပါဘူး။ အထူးသဖြင့် စွမ်းအင်အကျပ်အတည်းဟာ နယ်စပ်စည်းကိုကျော်ဖြတ်ပြီး သာမန်အရပ်သားတွေရဲ့ မီးဖိုချောင်ထဲအထိ အေးစက်စက်ဝင်ရောက်လာတတ်ပါတယ်။ အခုလောလောဆယ် အိန္ဒိယနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေအနေကတော့ အဲဒါကို အထင်ရှားဆုံးသက်သေပြနေပါတယ်။ အီရန်စစ်ပွဲကြောင့်ဖြစ်ပေါ်လာတဲ့ လောင်စာဆီနဲ့ဓာတ်ငွေ့ ပြတ်လပ်မှုက အိန္ဒိယနိုင်ငံတစ်ဝန်း ဟိုးလေးတကျော်ဖြစ်နေပြီး မြို့ကြီးတွေကနေ ကျေးလက်ဒေသအထိ လမ်းဘေးဝဲယာမှာ မြင်တွေ့နေရတဲ့ မြင်ကွင်းကတော့ တူညီနေပါတယ်။ အဲဒါကတော့ ဟင်းချက်ဂတ်စ်အိုးတစ်လုံးရဖို့အတွက် နေပူရှိန်ပြင်းပြင်းအောက် နာရီပေါင်းများစွာ၊ ရက်ပေါင်းများစွာကြာ တန်းစီနေရတဲ့ လူတန်းရှည်ကြီးတွေပါပဲ။ ဒါပေမဲ့ ဒီလိုမျိုးမရေရာတဲ့ အခြေအနေကြားမှာ စိုးရိမ်စိတ်ကင်းပြီး အေးအေးဆေးဆေး ဟင်းချက်နိုင်နေတဲ့ မိသားစုတွေလည်း ရှိနေပါတယ်။ သူတို့ရဲ့ လျှို့ဝှက်ချက်ကတော့ ကမ္ဘာ့အဆင့်မြင့် နည်းပညာတွေမဟုတ်ဘဲ သူတို့ရဲ့ အိမ်နောက်ဖေးက “နွားချေး” တွေပဲ ဖြစ်နေတာက စိတ်ဝင်စားစရာပါ။

နယူးဒေလီမြို့တော်နဲ့ ကီလိုမီတာ ၉၀ လောက်ပဲဝေးတဲ့ အူတာပရာဒေ့ရှ်ပြည်နယ်ထဲက နက်ပူရကျေးရွာဆီကို အလည်သွားကြည့်ရင် အသက် ၂၅ နှစ်အရွယ် ဂေါရီဒေဝီရဲ့အိမ်ဝင်းထဲမှာ တခြားနေရာတွေနဲ့မတူတဲ့ အေးချမ်းမှုတစ်ခုရှိနေတာကို တွေ့ရပါလိမ့်မယ်။ သူ့ရဲ့ မီးဖိုချောင်မှာ တောက်လောင်နေတဲ့ မီးတောက်ဟာ အပြာရောင်တောက်တောက်ဖြစ်ပြီး ဒါဟာသန့်စင်တဲ့ လောင်စာဖြစ်ကြောင်း ပြသနေတာပါ။ သူကအဲဒီမီးဖိုပေါ်မှာ အိန္ဒိယသားတို့ အဓိကစားသုံးတဲ့ ချပါတီတွေကိုကျွမ်းကျင်စွာပြုလုပ်နေပါတယ်။ “ကျွန်မအတွက်တော့ ဂတ်စ်ပြတ်မှာကို ပူစရာမလိုတော့ဘူး။ ဒီလို ဇီဝဓာတ်ငွေ့ (Biogas) နဲ့တင် ပဲဟင်းချက်တာ၊ ဟင်းသီးဟင်းရွက်ကြော်တာ၊ လက်ဖက်ရည်ဖျော်တာ အကုန်လုပ်လို့ရတယ်” လို့ သူကဂုဏ်ယူစွာပြောပြပါတယ်။ ဂေါရီဒေဝီရဲ့စနစ်ကရိုးရှင်းလှပါတယ်။ နွားချေးကို ရေနဲ့ရော၊ မြေအောက်ကန်ထဲလောင်းထည့်၊ ထွက်လာတဲ့ဓာတ်ငွေ့ကို ပိုက်လိုင်းနဲ့သွယ်ပြီးသုံးရုံပါပဲ။ အကယ်၍ ဂတ်စ်ဖိအားနည်းသွားရင်တောင်မှ နာရီဝက်လောက် ခဏနားလိုက်ရင် နောက်ထပ်ချက်ဖို့ ဓာတ်ငွေ့တွေ ပြန်ပြည့်လာတတ်ပါတယ်။ ဒါဟာ ကျေးလက်နေ အမျိုးသမီးတစ်ဦးအတွက်တော့ စွမ်းအင်လွတ်လပ်ခွင့်ကို ရရှိလိုက်တာပါပဲ။

အိန္ဒိယနိုင်ငံက လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိတဲ့အတွက် စွမ်းအင်လိုအပ်ချက်အလွန်ကြီးမားလှပါတယ်။ တစ်နှစ်ကို ရေနံဓာတ်ငွေ့အရည် တန်ချိန်သန်း ၃၀ ကျော်သုံးစွဲနေရပြီး အဲဒီပမာဏရဲ့ထက်ဝက်ကျော်ကို ပြည်ပကနေတင်သွင်းနေရတာပါ။ လက်ရှိမှာ အီရန်စစ်ပွဲကြောင့် ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းတွေ ပိတ်ဆို့တာ၊ သယ်ယူပို့ဆောင်ရေးစရိတ်တက်လာတာတွေက ဂတ်စ်ဈေးကို မြင့်တက်စေပါတယ်။ ဒါ့အပြင် ပစ္စည်းပြတ်လပ်မှုကို အခွင့်ကောင်းယူတဲ့မှောင်ခိုဈေးကွက်နဲ့ မရမှာကိုကြောက်ပြီး လူတွေက လိုတာထက်ပိုဝယ်စုကြတဲ့အတွက် တန်းစီမှုတွေက ပိုရှည်လာပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြည်တွင်းဖြစ် “နွားချေးဂတ်စ်” ဟာ အဓိုးရအတွက် သာမက ပြည်သူအတွက်ပါ အဖိုးတန်တဲ့အစားထိုးစွမ်းအင်ဖြစ်လာပါတယ်။ အိန္ဒိယနိုင်ငံဟာ ဒီလိုမျိုး ဇီဝဓာတ်ငွေ့နည်းပညာကို ၁၉၈၀ ပြည့်လွန်နှစ်တွေကတည်းက ကျေးလက်ဒေသတွေမှာအသုံးပြုဖို့ တိုက်တွန်းခဲ့တာဖြစ်ပြီး လက်ရှိမှာ “အစာချေစနစ်” လို့ခေါ်တဲ့ ဇီဝဓာတ်ငွေ့ထုတ်စက်ပေါင်း ၅ သန်းကျော်ကို အစိုးရက ထောက်ပံ့ကြေးပေးပြီး တပ်ဆင်ပေးထားပါတယ်။

အဲဒီစနစ်ရဲ့ အလုပ်လုပ်ပုံကတော့ နွားချေးနဲ့ လယ်ယာစွန့်ပစ်ပစ္စည်းတွေကိုရေနဲ့ရောပြီး လေလုံနေတဲ့ မြေအောက်ကန်ထဲ ထည့်လိုက်တဲ့အခါ ဗက်တီးရီးယားတွေက အဲဒီအညစ်အကြေးတွေကို ချေဖျက်ပြီး မီသိန်းဓာတ်ငွေ့ထွက်လာစေပါတယ်။ အဲဒီဓာတ်ငွေ့ကို ပိုက်လိုင်းကတစ်ဆင့် မီးဖိုချောင်ဆီကို သွယ်ယူပြီး မီးမွှေးနိုင်ပါတယ်။ ဒီစနစ်ဟာ သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်သလို၊ စွန့်ပစ်အမှိုက်တွေကိုလည်း အကျိုးရှိအောင်အသုံးချနိုင်ပါတယ်။ ပိုပြီးဆွဲဆောင်မှုရှိတာက ဂတ်စ်ထုတ်ပြီးလို့ ဘေးထွက်ပစ္စည်းအဖြစ် ကျန်ခဲ့တဲ့ အနည်အနှစ်တွေပါပဲ။ အဲဒါကို လယ်သမားတွေကရွှေနက်ဆိုပြီးတော့ကို တင်စားကြပါတယ်။ လယ်သမားကြီး ပရာမော့ဒ်ဆင်းက “ဒီမြေဩဇာကတကယ်ကောင်းတာ။ နွားချေးအစိမ်းကို သုံးတာထက် ဒီအနှစ်ကိုသုံးတာက အပင်တွေအတွက် နိုက်ထရိုဂျင်ဓာတ်ပိုရစေတယ်” လို့ဆိုပါတယ်။ လက်ရှိမှာ ကမ္ဘာ့ဓာတ်မြေဩဇာဈေးတွေဟာ စစ်ပွဲကြောင့်တက်နေသလို၊ တင်သွင်းရတာလည်း ခက်ခဲနေချိန်မှာ ကိုယ့်အိမ်နောက်ဖေးမှာတင် အရည်အသွေးမြင့် သဘာဝမြေဩဇာကို အလကားနီးပါးရနေတာက လယ်သမားတွေအတွက်တော့ အကြီးမားဆုံးအမြတ်ပါပဲ။

အိန္ဒိယနိုင်ငံမှာ ဇီဝဓာတ်ငွေ့စနစ်အောင်မြင်ရတဲ့ နောက်ထပ်အကြောင်းရင်းတစ်ခုက ယဉ်ကျေးမှုနဲ့ ဘာသာရေးပါ။ ဟိန္ဒူဘာသာဝင်အများစုရှိတဲ့ အိန္ဒိယနိုင်ငံမှာ နွားကိုအထွတ်အမြတ်ထား ကြည်ညိုကြပြီး နွားချေးနဲ့ နွားကျင်ငယ်ရေကို ရှေးယခင်ကတည်းက လောင်စာအဖြစ်ရော၊ ဘာသာရေးထုံးတမ်းစဉ်လာတွေမှာပါ သုံးစွဲလာခဲ့တာပါ။ ဒါကြောင့် “နွားချေးကနေ စွမ်းအင်ထုတ်မယ်” ဆိုတဲ့ အယူအဆက အိန္ဒိယကျေးလက်လူထုအတွက် လက်ခံရလွယ်ကူတဲ့ ကိစ္စတစ်ခုဖြစ်နေပါတယ်။ လယ်သမားခေါင်းဆောင်ပရီတမ်ဆင်းက “အရင်ကစိတ်မဝင်စားတဲ့သူတွေတောင် အခုဓာတ်ငွေ့ပြတ်လပ်မှုကိုကြုံရတော့ ဒါကိုဘယ်လိုမျိုး တပ်ရမလဲလာမေးကြပြီ” လို့ ပြောပြပါတယ်။ တစ်ဖက်မှာလည်း အိန္ဒိယအစိုးရဟာ ၂၀၇၀ ပြည့်နှစ်မှာကာဗွန်ကင်းစင်သောနိုင်ငံဖြစ်လာဖို့ ရည်မှန်းချက်ကြီးနဲ့ ဇီဝဓာတ်ငွေ့ကို အင်တိုက်အားတိုက် မြှင့်တင်နေပါတယ်။ ၂၀၂၅ ခုနှစ်မှာ ဂတ်စ်ထဲမှာ ဇီဝဓာတ်ငွေ့ ၁ ရာခိုင်နှုန်းမဖြစ်မနေရောရမယ်လို့ သတ်မှတ်ထားသလို စက်ရုံကြီးတွေကိုလည်း တည်ဆောက်နိုင်ဖို့ပြင်ဆင်နေပါတယ်။

ဒီစနစ်ကကောင်းလှပေမယ့်လည်း လူတိုင်းအတွက်တော့ မဟုတ်သေးပါဘူး။ ဇီဝဓာတ်ငွေ့ကန်ကို တူးဖို့အတွက် နေရာလွတ်လိုအပ်သလို၊ နွားချေးရဖို့ဆိုရင် နွားလည်းမွေးထားဖို့လိုပါတယ်။ မြေမရှိ၊ နွားမရှိတဲ့ လက်လုပ်လက်စား အလုပ်သမားတွေအတွက်တော့ ဒါဟာအခက်အခဲပါ။ ရာမက်ကူးမားဆင်းလို အလုပ်သမားတွေနဲ့ အဖွားမဟန္ဒရီတို့လို လူတွေကတော့ နေပူထဲမှာ တန်းစီနေရဆဲပါ။ “ကျွန်မတို့မှာက နွားလည်းမရှိ၊ မြေလည်းမရှိတော့ ဆာဆာငတ်ငတ်နဲ့ ဂတ်စ်အိုးတန်းစီနေရတာပေါ့” ဆိုတဲ့ စကားဟာ ကျေးလက်ဒေသက လူမှုစီးပွားကွာဟချက်ကို မီးမောင်းထိုးပြနေပါတယ်။ ဇီဝဓာတ်ငွေ့အသင်းဥက္ကဋ္ဌ အေအာရှူကလား ပြောသလိုပါပဲ၊ ဒါတွေဟာ စနစ်တကျထိန်းသိမ်းရမယ့် “စက်ရုံငယ်လေးတွေ” ဖြစ်လို့ အိမ်တစ်လုံးချင်းထက် စုပေါင်းလုပ်ဆောင်တဲ့ စနစ်တွေနဲ့သွားနိုင်ရင် ပိုအောင်မြင်နိုင်ပါတယ်။

နိဂုံးချုပ်ရရင် အိန္ဒိယနိုင်ငံရဲ့ ဇီဝဓာတ်ငွေ့ဖန်တီးရယူမှုဟာ ကမ္ဘာကြီးအတွက် သင်ခန်းစာတစ်ခုပေးနေပါတယ်။ စွမ်းအင်ဆိုတာ အဝေးကြီးကနေ ပိုက်လိုင်းတွေနဲ့ သွယ်ယူမှရတာမဟုတ်ဘဲ ကိုယ့်ပတ်ဝန်းကျင်က စွန့်ပစ်ပစ္စည်းတွေထဲမှာလည်း ရှိနေနိုင်တယ်ဆိုတာပါပဲ။ အီရန်စစ်ပွဲကြောင့်ဖြစ်စေ၊ တခြားဘယ်အကြောင်းကြောင့်ဖြစ်စေ စွမ်းအင်ဈေးတွေတက်လာတဲ့အခါ ဂေါရီဒေဝီတို့လို မိသားစုတွေကပြုံးနိုင်နေပါလိမ့်မယ်။ သူတို့အတွက် သူတို့ရဲ့ နွားလေးတွေရှိနေသရွေ့ သူတို့မီးဖိုချောင်က မီးတောက်ဟာ ဘယ်တော့မှငြိမ်းသွားမှာမဟုတ်ပါဘူး။ ဇီဝဓာတ်ငွေ့ဟာ အိန္ဒိယရဲ့ စွမ်းအင်ပြဿနာအားလုံးကို မဖြေရှင်းနိုင်သေးပေမယ့် ကျေးလက်လူထုအတွက်တော့ ဒါဟာ တကယ့်ကို အားကိုးထိုက်တဲ့အနာဂတ်ရဲ့ မျှော်လင့်ချက်တစ်ခုပဲဖြစ်ပါတော့တယ်။

Ref: ST

အီရန်ပဋိပက္ခ အဆုံးသတ်ရေး ပါကစ္စတန်က ဆက်လက်ကူညီပေးနေ

အစ္စလာမ်မာဘတ်၊ နိုင်ငံရေး

အီရန်ပဋိပက္ခများကို အဆုံးသတ်နိုင်ရန် ပါကစ္စတန်နိုင်ငံက ကြားဝင်စေ့စပ်ပေးမှုများဖြင့် ဆက်လက်ကူညီပေးနေဆဲဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး ရီဇာအာမီရိမိဂါဒမ်က မေလ ၃ ရက်တွင်ပြောသည်။ အီရန်ပဋိပက္ခအဆုံးသတ်ရေး အဆိုပြုချက်အစီအစဉ်သစ်ကို အဓိကကြားခံနိုင်ငံဖြစ်သည့် ပါကစ္စတန်သို့ ပေးအပ်ထားပြီးဖြစ်ကာ ပါကစ္စတန်ခေါင်းဆောင်ပိုင်းမှတစ်ဆင့် အမေရိကန်အစိုးရသို့ ဆက်လက်ပေးပို့ထားပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။

အီရန်နိုင်ငံအနေဖြင့် ၎င်းတို့၏ရပ်တည်ချက်နှင့် တောင်းဆိုချက်များအပေါ် ပွင့်လင်းမြင်သာမှုရှိပြီး အမေရိကန်ဘက်က အမှန်တကယ်ပြဿနာများကို ဖြေရှင်းလိုပါက အပြုအမူကို ပြောင်းလဲရမည်ဖြစ်ကြောင်း သံအမတ်ကြီးက အင်တာဗျူးတစ်ခုတွင် ပြောသည်။ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများမှာ ယင်းဆွေးနွေးပွဲရလဒ်များကို စောင့်မျှော်နေပြီး အီရန်နိုင်ငံအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့်အစီအမံများကိုလုပ်ဆောင်နေသကဲ့သို့ သံတမန်ရေးလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ ထို့ပြင် အမေရိကန်အနေဖြင့် ကျူးကျော်စော်ကားသည့် အပြုအမူကို အဆုံးသတ်ပြီး အီရန်၏အခွင့်အရေးများကို လေးစားလိုက်နာသည့် ချဉ်းကပ်မှုမျိုး ကျင့်သုံးသင့်ကြောင်း သံအမတ်ကြီးက အလေးပေးပြောသည်။ **Ref: Xinhua**

OPEC+ အဖွဲ့ဝင် ခုနစ်နိုင်ငံက ဇွန်လအတွင်း ရေနံကို တိုးမြှင့်ထုတ်လုပ်မည်

ဗီယင်နာ၊ စွမ်းအင်

အာရပ်စော်ဘွားများပြည်ထောင်စုက အဖွဲ့အတွင်းမှ နုတ်ထွက်သွားပြီးနောက် ဖြစ်ပေါ်လာသည့် အခြေအနေများအပေါ် တုံ့ပြန်သည့်အနေဖြင့် OPEC+ အဖွဲ့ဝင် ခုနစ်နိုင်ငံသည် လာမည့်ဇွန်လတွင် ရေနံထုတ်လုပ်မှုကို တစ်ရက်လျှင် စည်ပေါင်း ၁၈၈၀၀၀ အထိ တိုးမြှင့်ရန်ဆုံးဖြတ်လိုက်ကြောင်း OPEC အဖွဲ့က မေလ ၃ ရက်တွင် ထုတ်ပြန်သည်။

ဆော် ဒီအာရေးဗျ၊ ရုရှား၊ အီရတ်၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်ဂျီးရီးယားနှင့် အိုမန်နိုင်ငံတို့သည် ကမ္ဘာ့ဈေးကွက်အခြေအနေများကို ပြန်လည်သုံးသပ်ရန် မေလ ၃ ရက်တွင်ပြုလုပ်သည့် အွန်လိုင်းအစည်းအဝေး၌ ယခုကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဇွန်လတွင် စတင်အကောင်အထည်ဖော်မည့် ရေနံထုတ်လုပ်မှုတိုးမြှင့်ခြင်းက ၂၀၂၃ ခုနှစ် ဇူလိုတွင် ပထမဆုံးကြေညာခဲ့သည့် မိမိဆန္ဒအလျောက် ရေနံထုတ်လုပ်မှုလျှော့ချခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ထိုနိုင်ငံများသည် ရေနံဈေးကွက်တည်ငြိမ်ရေးအတွက် ကတိပြုထားပြီး ဈေးကွက်ဖြစ်ထွန်းမှုများအပေါ်မူတည်၍ ထုတ်လုပ်မှုပမာဏကို လိုအပ်သလိုချိန်ညှိခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောထားသည်။ **Ref: Xinhua**

ရေနံအဆောက်အအုံများကို ယူကရိန်းကတိုက်ခိုက်ခြင်းကြောင့် ရေနံဈေးနှုန်းများ ပိုမိုမြင့်တက်လာနိုင်ဟု ရုရှားသတိပေး



မော်စကို၊ နိုင်ငံရေး

ယူကရိန်းနိုင်ငံက ရုရှား၏ရေနံအခြေခံအဆောက်အအုံများအပေါ် တိုက်ခိုက်မှုများသည် ကမ္ဘာ့ရေနံဈေးနှုန်းများကို ပိုမိုမြင့်တက်စေမည့် အန္တရာယ်ရှိနေကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဖ် မေလ ၃ ရက်တွင်ပြောသည်။ ရုရှား၏ ရေနံအခြေခံအဆောက်အအုံများကို ပစ်မှတ်မထားရန် အနောက်အုပ်စု၏တောင်းဆိုချက်များကို လျစ်လျူရှုခဲ့ကြောင်း ယူကရိန်းသမ္မတ၏ ပြောဆိုမှုအပေါ်တုံ့ပြန်ရာတွင် ပက်စကော့ဖ်က ယခုကဲ့သို့ ထည့်သွင်းပြောခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးကွက်သို့ ရုရှားရေနံတင်ပို့မှု လျော့နည်းသွားခြင်းကြောင့် လက်ရှိတွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၂၀ ကျော်အထိ မြင့်တက်နေသည့် ဈေးနှုန်းကိုပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း ၎င်းက ထောက်ပြသည်။ ဟော်မုဇရေလက်ကြားရှိ တင်းမာမှုများကြောင့် ကမ္ဘာ့ရေနံဈေးကွက်၌ ရောင်းလိုအားပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရချိန် ရုရှားမှရေနံပမာဏ ထပ်မံလျော့နည်းသွားပါက ဈေးနှုန်းများမှာ လက်ရှိထက်ပိုမိုမြင့်တက်လာမည်ဖြစ်သည်။

ထိုအချိန်တွင် ရေနံတင်ပို့မှုပမာဏလျော့နည်းသွားသော်လည်း ဈေးနှုန်းမြင့်တက်မှုကြောင့် ရုရှားကုမ္ပဏီများနှင့် နိုင်ငံတော်အတွက် ဝင်ငွေပိုမိုရရှိနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောသည်။ တစ်ဖက်တွင်လည်း ယူကရိန်း၏တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကာကွယ်ရန်လုပ်ဆောင်ရမည်ဟုပက်စကော့ကပြောထားသည်။ **Ref: Xinhua**

အငြင်းပွားသောင်ခုံနှင့် ပတ်သက်၍ တရုတ်နှင့် ဖိလစ်ပိုင်တို့က အပြန်အလှန်ဝေဖန်

ပေကျင်း၊ နိုင်ငံရေး

တောင်တရုတ်ပင်လယ်ရှိ ပိုင်ဆိုင်မှုအငြင်းပွားသောင်ခုံတစ်ခုပေါ်သို့ ဖိလစ်ပိုင်ဘက်က လူပုဂ္ဂိုလ်များစေလွှတ်ခဲ့သည်ဟု တရုတ်နိုင်ငံက မေလ ၃ ရက်တွင် ပြောပြီးနောက် ဖိလစ်ပိုင်ဘက်ကလည်း တရားမဝင်သုတေသနလုပ်ငန်းများ လုပ်ဆောင်နေသည့် တရုတ်သင်္ဘောများကို မောင်းထုတ်ရန် ၎င်းတို့၏သင်္ဘောများစေလွှတ်သွားမည်ဟု တုံ့ပြန်လိုက်သည်။ တောင်တရုတ်ပင်လယ်အတွင်း လူသူမရှိသည့် စန်ဒီကေးသောင်ခုံနှင့်ပတ်သက်၍ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့ကြားတင်းမာမှုများ မြင့်တက်လာခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသားငါးဦးသည် စန်ဒီကေးသောင်ခုံပေါ်တက်ရောက်ခြင်းမှာ တရားမဝင်လုပ်ရပ်ဖြစ်ကြောင်း တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့က ဖော်ထုတ်အတည်ပြုသည်ဟု တရုတ်အစိုးရပိုင်မီဒီယာတစ်ခုက မေလ ၃ ရက်တွင်ဖော်ပြသည်။ သို့သော် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မည်သို့သောအရေးယူမှုများ ပြုလုပ်ခဲ့သည်ကိုမူ သတင်းတွင် အသေးစိတ် ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။ **Ref: AGC**

နယူးဒေလီမြို့၌ အဲကွန်းပေါက်ကွဲမှုကြောင့် လူကိုးဦးသေဆုံး

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိအထပ်မြင့်လူနေအိမ်တစ်လုံး၌ မေလ ၃ ရက် နံနက်အစောပိုင်းတွင် ပြင်းထန်သော အဲကွန်းပေါက်ကွဲမှုတစ်ခုဖြစ်ပြီးနောက် မီးလောင်မှုကြီးဖြစ်ပွားရာ ကလေးတစ်ဦးနှင့် အမျိုးသမီးလေးဦးအပါအဝင် လူကိုးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောသည်။ ထို့ပြင် အဆိုပါဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူအယောက် ၂၀ ခန့်ရှိသည်။

ဝီဗက်ဝိဟာအရပ်ရှိနေအိမ်၌ လူများအိပ်ပျော်နေစဉ် ယခုဖြစ်စဉ်ဖြစ်ပွားခြင်းဖြစ်ပြီး မိနစ်ပိုင်းအတွင်း နေအိမ်တစ်လုံးလုံးကို မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ မီးလောင်ကျွမ်းသည့် အိမ်အတွင်းမှ ရုပ်အလောင်းကိုးခုကို ရှာဖွေတွေ့ရှိပြီး ဒဏ်ရာရရှိသူများကို ဒေသန္တရဆေးရုံသို့ ပို့ဆောင်ကုသပေးထားသည်။ မီးငြိမ်းသတ်ရန် မီးသတ်ယာဉ် ၁၄ စီးကို အသုံးပြုခဲ့ရကြောင်းသိရသည်။ **Ref: Xinhua**

အစ္စရေးက ကာကွယ်ရေးအသုံးစရိတ် ဒေါ်လာ ၁၁၉ ဘီလီယံ ထပ်မံတိုးမြှင့်ပြီး တိုက်လေယာဉ်များဝယ်မည်



ကျေရုဆလင်၊ စစ်ရေး

အစ္စရေးနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံ ထပ်မံတိုးမြှင့်ပြီး အမေရိကန်မှ F-35 နှင့် F-15IA တိုက်လေယာဉ်အုပ်နှစ်အုပ် ဝယ်ယူမှုကို မေလ ၃ ရက်တွင် အတည်ပြုသည်။ အမေရိကန်အခြေစိုက် လော့ဟိမာတင်နှင့် ဘိုးအင်းကုမ္ပဏီတို့မှဝယ်ယူမည့် အဆိုပါသဘောတူညီချက်သည် ဆယ်စုနှစ်တစ်ခုကြာပြုလုပ်မည့် စစ်ဘက်ဆိုင်ရာ အင်အားတိုးမြှင့်မှု၏ ပထမခြေလှမ်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အီရန်နှင့်ဖြစ်ပွားသည့် စစ်ပွဲအတွင်းရရှိသော စစ်ဆင်ရေးသင်ခန်းစာများအရ ယခုကဲ့သို့ ဝယ်ယူရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးကပြောသည်။ အရှေ့အလယ်ပိုင်းဒေသရှိနေရာအနှံ့အပြား၌ တိုက်ခိုက်နေရမှုများကြောင့် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏စွမ်းဆောင်ရည်ကို အမြဲသာလွန်နေစေရန် အရှိန်အဟုန်မြှင့်လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့ပြင် ဝန်ကြီးချုပ်နေတန်ယာဟုက အစ္စရေးနိုင်ငံအနေဖြင့် စစ်ပွဲ၏အလှည့်အပြောင်းကိုဖန်တီးနိုင်မည့် ခေတ်သစ်လေယာဉ်များကိုလည်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်းပြောသည်။ အလားတူ အခြားနိုင်ငံများအပေါ် မှီခိုရမှုမရှိစေရန် ခဲယမ်းမီးကျောက်နှင့် ဒုံးကျည်များထုတ်လုပ်နိုင်စွမ်းကိုလည်း မြှင့်တင်သွားမည်ဖြစ်ကြောင်း နေတန်ယာဟုကပြောထားသည်။ **Ref: Xinhua**


တောင်ကိုရီးယား၌ ဘာသာတရားကိုကိုးကွယ်သူ ၂၄ ရာခိုင်နှုန်းသာကျန်ရှိ

ဆိုး၊ ဘာသာရေး

တောင်ကိုရီးယားနိုင်ငံရှိ အသက် ၂၀ ကျော်အရွယ် လူငယ်များအနက် ဘာသာတရားကို ကိုးကွယ်သူ ၂၄ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း Gallup Korea ၏ စစ်တမ်းအရသိရသည်။ ထိုပမာဏသည် ၂၀၀၄ ခုနှစ်ကရှိခဲ့သည့် ၄၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက သိသိသာသာ လျော့ကျသွားခြင်းဖြစ်ပြီး အသက်အရွယ်အလိုက်ကြည့်ပါကလည်း အသက် ၂၀ ကျော်အရွယ်များက ဘာသာတရားအပေါ် ယုံကြည်ကိုးကွယ်မှု အနည်းဆုံးအုပ်စုဖြစ်လာသည်။

ဘာသာတရားမရှိရခြင်း၏ အကြောင်းရင်းကို မေးမြန်းရာတွင် အသက် ၂၀ ကျော်အရွယ်များ၏ ၅၈ ရာခိုင်နှုန်းက စိတ်ဝင်စားမှုမရှိခြင်းကြောင့်ဟုဖြေဆိုပြီး ၂၀ ရာခိုင်နှုန်းက အချိန်သို့မဟုတ်စိတ်အေးချမ်းမှုမရှိခြင်းကြောင့်ဟုဆိုသည်။ ကျန် ၉ ရာခိုင်နှုန်းစီမှာမူ ဘာသာတရားအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ်သာ ယုံကြည်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖြေကြားထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်ပါကလည်း ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၄၀ ရာခိုင်နှုန်းသာ ဘာသာတရားကိုးကွယ်မှုရှိတော့ပြီး ၎င်းတို့အနက် ခရစ်ယာန် ၁၈ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ ၁၆ ရာခိုင်နှုန်းနှင့် ကက်သလစ် ၆ ရာခိုင်နှုန်းတို့ ပါဝင်ကြောင်းသိရသည်။ **Ref: ST**



ဘားအံမြို့၌ နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း



ဘားအံ မေ ၃

မေလ ၅ ရက်တွင် ကျရောက်မည့် နှစ် (၈၀) ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) ရောဂါဗေဒဌာနသွေးလှူဘဏ်၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းကြမည့် ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်ကျော်ဦးစီးသော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦး စုစုပေါင်း မီးသတ်တပ်ဖွဲ့ဝင် ၆၁ ဦးတို့အား ကိုယ်အလေးချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ခြင်း၊ သွေးလှူဒါန်းခြင်းတို့ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သွေးလှူဒါန်းသည့် မီးသတ်တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်အစားအစာများ ပေးအပ်ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မုံရွာ မေ ၃

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးကိုလေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စုပေါင်းသွေးလှူဒါန်းနေကြသည့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနနှင့်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ကပေးအပ်သည့် အာဟာရဖြည့်စွက်စာများကို ပေးအပ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုများ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်



မကွေး မေ ၃

နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများက မကွေးမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သည့် ဇီဝိတဒါနငါးလွှတ်ခြင်း၊ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တိုင်းပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သွေးလှူဒါန်းခြင်းတို့ ဆောင်ရွက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနဓါဇီဝိတဒါနငါးလွှတ်ပွဲကို မကွေးမြို့ ကမ်းနားလမ်းရှိ We Love Magway ကျောက်သားပန်းခြံအနီး ရောဝတီမြစ်ကမ်းဘေးဌာနချင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရွှေဝါငါးသားပေါက်ကောင်ရေ ၅၀၀၀၀ အား ဧရာဝတီမြစ်အတွင်း လွှတ်ပေးပြီး ဇီဝိတဒါန (အဘယဒါန) ကုသိုလ်ရယူကြသည်။


ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများစုပေါင်း၍ မကွေးမြို့ ကုံကော်တစ်ထောင်ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုအားပေးကြသည်။

ယင်းနောက်မကွေးတိုင်းပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ သွေးအလှူရှင် မီးသတ်တပ်ဖွဲ့ဝင် ၁၈၀ စုပေါင်းသွေးလှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က သွေးအလှူရှင်တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

ရေချွေတာရေးနည်းလမ်းများ

- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ❖ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❖ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- ❖ အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ❖ ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



မန္တလေး မေ ၃

၂၀၂၆ ခုနှစ် မေလ ၅ ရက်တွင် ကျရောက်မည့် နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (ဗဟို မီးသတ်) စခန်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က သွေးလှူဒါန်းသည့် သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များကို လိုက်လံကြည့်ရှုအားပေးပြီး အမှတ်တရ ပစ္စည်းများ၊ အာဟာရဖြည့်အစားအစာများနှင့် ရေသန့်များပေးအပ်သည်။

ထို့နောက် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များလှူဒါန်းသည့် သွေးအိတ် ၁၅၅ အိတ်ကို တာဝန်ရှိသူများက မန္တလေးပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးနှင့်ရောဂါဗေဒဌာန ပါမောက္ခတို့ထံပေးအပ်ရာ သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။

မြဝတီ

နှမ်းရိုးများကို သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း

မူမူ(မလိုင်)

ယခုအချိန်သည် မိုးကြိုစိုက်ပျိုးရေး လုပ်ငန်းခွင်ဝင်နေကြပြီး လာမည့်မိုးရာသီ စိုက်ခင်းအတွက် ကြိုတင်ပြင်ဆင်ဟန်ရေးပြင်နေကြသော အချိန်အခါဖြစ်သည်။ မိမိဝမ်းစာအရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးတစ်ဆင့်မြင့် ထပ်ဆင့်ထုတ်ကုန်ထုတ်လုပ်ရေး၊ နိုင်ငံခြားသို့တင်ပို့ရောင်းချရေး စသော အရေးပေါင်းများစွာ ရည်ရွယ်မှုပေါင်းအစုံစုံဖြင့် သီးနှံမျိုးစုံကို စိုက်ပျိုးကြဦးမည်ဖြစ်သည်။ နှစ်စဉ်မပျက် စိုက်ပျိုးခဲ့သောမြေဆီလွှာကိုအဟာရဖြည့်တင်းရေးမှာ ဂရုတစိုက်ပြုမူရသော လုပ်ငန်းတစ်ရပ်အဖြစ် ပါဝင်နေသည်။ စိုက်ခင်း၏မြေဆီလွှာသည် စိုက်ပျိုးသော သီးနှံပင်မှ လိုအပ်သော အပင်အာဟာရဓာတ်များကို စုပ်ယူစားသုံး၍ သီးနှံပင်အထွက်နှုန်းရရှိရေးအတွက် အသုံးပြုကြသည်။ မြေထဲတွင်ရှိပြီး အာဟာရဓာတ်များနှင့် လူတို့ဖြည့်ဆည်းပေးလိုက်သော ဖြည့်စွက်အာဟာရဓာတ်များကို အပင်မှ စုပ်ယူစားသုံးထားပြီး သီးနှံပင်ရိတ်သိမ်းလိုက်သောအချိန်တွင် သီးနှံ၏ အစေ့အဆန်၊ အရွက်၊ ပင်စည်၊ အမြစ်၊ ဥ၊ အသီးအပွင့်၊ အကိုင်းအခက် အစိတ်အပိုင်းအသီးသီးတွင်ပါဝင်သွားသဖြင့် စိုက်ခင်းမြေတွင် အာဟာရဓာတ်များ ဆုံးရှုံးသွားရသည်။ ကောက်ရိုး၊ ပဲရိုး၊ နှမ်းရိုး၊ ပြောင်းရိုး၊ ပြောင်းဖူးအူတိုင်၊ ဂျုံရိုး၊ ပဲခွံ၊ စပါးခွံ စသည့်သီးနှံပင်အကြွင်းအကျန်များနှင့် မွေးမြူရေးတိရစ္ဆာန်မစင်များ စသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ဘေးထွက်ပစ္စည်းများကို အဏုဇီဝပိုးများနှင့်ဆွေးမြည့်စေအောင်ပြုလုပ်ပြီး စိုက်ပျိုးသည့် သီးနှံပင်များက စားသုံးနိုင်သည့် အာဟာရဓာတ်များရရှိအောင် ပြုပြင်ထုတ်လုပ်ခြင်းအားဖြင့် သဘာဝမြေဩဇာကိုရရှိနိုင်သည်။

ထို့ပြင် မြေဆီလွှာမှအာဟာရဓာတ်အမျိုးမျိုးသည် မြေဆီလွှာကို လေနှင့်ရေတို့ဖြင့် တိုက်စားမှုကြောင့်လည်းကောင်း၊ မြေတွင်းအရည်တွင် ပျော်ဝင်နေပြီး နေအပူချိန်၊ မြေတွင်းအပူရှိန်တို့ကြောင့် အငွေ့ပြန်ခြင်းဖြင့်လည်းကောင်း၊ မြေအောက်သို့ စိမ့်ဝင်ရေဖြင့်ရောပါသွားခြင်းဖြင့်လည်းကောင်း၊ မြေတွင်း၌ ဒြပ်စင်အချင်းချင်းပေါင်းစပ်ကာ တည်ငြိမ်ဒြပ်ပေါင်းအဖြစ်ပြောင်းလဲတည်ရှိနေခြင်းဖြင့်လည်းကောင်း၊ သီးနှံပင်အမြစ်များ ၎င်းအစိုဓာတ်အခြေအနေ ဓာတ်ပြောင်းလဲမှု သင့်တင့်မျှတနေသောအချိန်များတွင် စုပ်ယူစားသုံးကြခြင်းဖြင့်လည်းကောင်း လျော့ပါးပျောက်ကွယ်နေကြသည်။ အအေးပိုင်းသမပိုင်းရာသီရှိ မြေဆီလွှာများထက် အပူပိုင်းဒေသတွင်းရှိ မြေဆီလွှာများသည် မြေဆီလွှာအတွင်း ဓာတ်ပြောင်းလဲမှု မြန်ဆန်ခြင်း၊ ရာသီဥတုအပြောင်းအလဲများခြင်းတို့၏ အကျိုးဆက်ကြောင့် ပိုမို၍ ဆုံးရှုံးမှုများပြီး မြေဆီလွှာကို ဂရုတစိုက် ပြုစုထိန်းသိမ်းမှုမရှိလျှင် မသိမသာ မြေဆီလွှာအရည် အသွေးယုတ် လျော့ပျက်စီးမှု Soil Deteriorate ပို၍မြန်ဆန်ပြီး မြေဆီလွှာပျက်စီးမှုများကြုံတွေ့ရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နှမ်းသီးနှံကို အများဆုံးစိုက်ပျိုးကြသည်။ နှမ်းသီးနှံကို ရိတ်သိမ်းခြွေလှေ့ပြီးသောအခါ ကျန်ရှိသည့် နှမ်းရိုးများကို ထိုဒေသရှိတောင်သူများသည် မီးဖိုချောင်ထင်းမီး၊ ထန်းလျက်ကျိုထင်းမီးအဖြစ် အသုံးပြုလေ့ရှိကြသည်။ မည်သို့မှအသုံးမပြုဘဲ ကွင်းထဲပစ်ထားသည်လည်းရှိသည်။ တချို့ဒေသများတွင် နှမ်းရိုးတွင် အာဟာရဓာတ်များစွာပါဝင်သည်ကိုသိကြ၍ နှမ်းရိုးကိုမီးရှို့ပြီး ရလာသောပြာများကို စိုက်ခင်းထဲသို့ ပြန်လည်ဖြန့်ချလေ့ရှိကြသည်။ သို့သော် မီးရှို့၍ရလာသောပြာများကို အသုံးပြုခြင်းမှာ ပါဝင်နေသည့် အခြားအာဟာရဓာတ်များဆုံးရှုံးသွားစေသောကြောင့် အသုံးပြုမှုမှားယွင်းနေသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအနက် နှမ်းသီးနှံစိုက်ပျိုးမှုသည် ဧကအများဆုံးဖြစ်သည်။ ဆီထွက်သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်စားသုံးသည်သာမက မြန်မာ့ရိုးရာမုန့်များ၊ လက်ဖက်သုပ်စုံများတွင် ထည့်သွင်းအသုံးပြုခြင်း၊ နှမ်းထမန်း၊ နှမ်းပျစ်၊ နှမ်းယို၊ နှမ်းမုန့်ကြော်၊ နှမ်းပဆုပ်၊ နှမ်းထောင်း၊ နှမ်းဖတ်ချဉ်များအဖြစ်လည်း စားသုံးကြသည်။ ယခုအခါ ဆီအဖြစ် စားသုံးမှုနည်းသွားပြီး ဓာတုဆေးဝါးများ၊ တိုင်းရင်းဆေးဝါးများ၊ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုလာကြပြီဖြစ်သည်။ ထို့ကြောင့် နှမ်းသီးနှံသည် အရေးပါလာသောသီးနှံတစ်မျိုးဖြစ်လာသည်။ ကမ္ဘာ့နှမ်းစိုက်ပျိုးထုတ်လုပ်မှုကိုကြည့်လျှင်မြန်မာနိုင်ငံသည် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။ နိုင်ငံ၏ရာသီဥတုအခြေအနေ ရေမြေသဘာဝတည်ရှိနေမှုအရ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နှမ်းစိုက်ပျိုးထုတ်လုပ်မှုအတွက် သင့်လျော်သော ပတ်ဝန်းကျင်သဘာဝကြီးကို ပိုင်ဆိုင်ထားသည်။





အများစုမှာ ဂရုတစိုက်ပြန်လည်အသုံးပြုမှုအလွန်နည်းနေသည်။ စပါးသီးနှံတွင် ကောက်ရိုးကို နွားစာအဖြစ် အဓိကအသုံးပြုနေပြီး ပဲမျိုးစုံတွင် ပဲမှော်၊ ပဲပင်ရိုးပြတ်များကို တိရစ္ဆာန်အစာအစာအဖြစ် အသုံးပြုကြသည်။ စပါးခွံကို မြေပြုပြင်ရာတွင်လည်းကောင်း၊ သဘာဝမြေဆွေးပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုသူ အရေအတွက်မှာ လွန်စွာနည်းသည်။

အပူပိုင်းဒေသ နှမ်းစိုက်ဧရိယာများတွင် နှမ်းရိုးအကြွင်းအကျန်များကို သဘာဝမြေဆွေးပြုလုပ်ပြန်လည်သုံးစွဲစေရန် တိုက်တွန်းလိုသည်။ နှမ်းအပင်အကြွင်းအကျန်များတွင် အပင်အတွက် မရှိမဖြစ်လိုအပ်သော အများလိုအာဟာရဓာတ် နိုက်ထရိုဂျင်၊ ဖော့စဖရတ်နှင့်ပိုတက်စီယမ် အရင်းအမြစ်များပါရှိတတ်ပြီး အနည်းလိုအာဟာရဓာတ် ဇင့်၊ သံဓာတ်၊ ကြေးနီဓာတ်၊ ဘိုရွန်ဓာတ်များပါရှိတတ်သည်။ နှမ်းစေ့ ၁၀၀၀ ကီလိုဂရမ် ရိတ်သိမ်းသည့်အခါတိုင်း နှမ်းပင်၏ပင်စည်နှင့် အရွက်တို့တွင် ဖော်ပြပါအာဟာရဓာတ်များပါရှိသွားတတ်၍ စိုက်ခင်းမြေသို့ ပြန်လည်ထည့်ပေးသင့်သည်။

အဆိုပါနှမ်းရိုးများကို စိုက်ခင်းတွင် ပြန်လည်အသုံးချခြင်းဖြင့် နှမ်း၏အပင်အကြွင်းအကျန်တို့တွင် ပါရှိနေသော အာဟာရများပြန်လည်အသုံးချနိုင်မည်ဖြစ်သည်။ မြေဆီလွှာကျန်းမာရေးအတွက် သဘာဝကာဗွန်တိုးတက်စေသည်။ မြေဆီလွှာအာဟာရဓာတ်များ မြင့်မားစေပြီး မြေဆီလွှာတည်ဆောက်မှု တိုးတက်စေသည်။ နှမ်းရိုးများကိုမီးရှို့ပစ်ခြင်းထက် ပြန်လည်ထည့်ပေးခြင်းက သီးနှံစဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို များစွာအထောက်အကူပြုသည်။ နှမ်းပင်အမြစ်၏ အတော်အသင့်မြေအောက်သို့ ထိုးဝင်ကြီးထွားမှုသဘာဝအရ မြေအောက်မှ အာဟာရဓာတ်များကို မြေအပေါ်သို့ ပြန်လည်ရောက်ရှိစေသည်။ အပင်စိုက်ပျိုးထားစဉ် မြေလွှာဖုံးအဖြစ်လည်း အသုံးပြုပေးနိုင်သဖြင့် မြေဆီလွှာမှ ရေငွေ့ပြန်မှုလျော့ချနိုင်ခြင်း၊ မြေဆီလွှာတည်ဆောက်မှုကောင်းမွန်စေခြင်း၊ မြေပြင်အနေအထားကောင်း၍ ထွန်ယက်ပြုပြင်ရမှုလွယ်ကူစေခြင်း စသောအကျိုးကျေးဇူးများရရှိစေနိုင်သည်။

ပညာရှင် Langham (၂၀၂၀) ၏ သုတေသနပြုတွေ့ရှိချက်များအရ မြေတစ်ဟက်တာတွင် နှမ်းစေ့ ၁၀၀၀ ကီလိုဂရမ် ရိတ်သိမ်းမှုတိုင်းတွင် ကျန်ရှိမည့်နှမ်းရိုး၌ နိုက်ထရိုဂျင်ဓာတ် ၆၀ ကီလိုဂရမ်၊ ဖော့စဖရတ်ဓာတ် ၁၁ ကီလိုဂရမ်နှင့် ပိုတက်စီယမ်ဓာတ် ၉၄ ကီလိုဂရမ်ပါဝင်နိုင်ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် နှမ်းရွက်ကြွေများတွင် နိုက်ထရိုဂျင်ဓာတ် ၁၆ ကီလိုဂရမ်၊ ဖော့စဖရတ်ဓာတ် ၂ ကီလိုဂရမ်နှင့် ပိုတက်စီယမ်ဓာတ် ၁၈ ကီလိုဂရမ်အထိ ပါဝင်ကြောင်းဖော်ပြထားသည်။ ထို့ကြောင့် နှမ်းရိုး၊ နှမ်းမှော်အကြွင်းအကျန်များကို စိုက်ခင်းထဲသို့ပြန်လည်အသုံးချခြင်းသည် အရေးပါသောလုပ်ငန်းတစ်ခုအဖြစ်စဉ်းစားသင့်ကြောင်း အကြံပြုထားခြင်းဖြစ်သည်။ သို့သော်လည်း အာဟာရဓာတ်ပါဝင်မှုမြင့်မားနေသော နှမ်းပင်အကြွင်းအကျန်များကို မြေထဲထည့်ပေးရာတွင် အပင်မှ ချက်ချင်းစားသုံးနိုင်သော အာဟာရအခြေအနေကို ပြောင်းလဲပေးချိန်လိုအပ်သဖြင့် သက်တမ်းတိုကောက်နှံပင်များတွင် အသုံးပြုမည်ဆိုပါက ဆွေးမြည့်မှုကောင်းစေရန် ကြိုတင်ထည့်သွင်းပြုပြင်ပေးရန် လိုအပ်မည်။

သိပ္ပံပညာရှင် Wacal နှင့်အဖွဲ့၏ ၂၀၁၉ ခုနှစ်တွေ့ရှိချက်များအရ နှမ်းသီးနှံကို နှစ်စဉ်ဆက်တိုက်တစ်သီးစား continuous mono-cropping ပုံစံဖြင့် စိုက်ခင်းမြေကို နှမ်းရိုး၊ နှမ်းမှော်အကြွင်းအကျန်များ ပြန်လည်ထည့်မပေးဘဲ စိုက်မည်ဆိုပါက ထိုနှမ်းစိုက်ခင်းသည် မြေဆီလွှာတွင် သဘာဝနိုက်ထရိုဂျင်ဓာတ်လျော့နည်းခြင်း၊ ကာဗွန်ပါဝင်မှုကျဆင်းခြင်းတို့နှင့်ဆက်စပ်ပြီး နှမ်းအထွက်နှုန်းကျဆင်းသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

နှမ်းရိုး၊ နှမ်းမှော်များတွင်ပါဝင်သော အာဟာရဓာတ်များကိုလေ့လာလျှင် နှမ်းရိုးတစ်ကီလိုဂရမ်တွင် နိုက်ထရိုဂျင်စုစုပေါင်း ၂၄ ဒသမ ၅၃ မှ ၃၄ ဒသမ ၅၅ ဂရမ်၊ ဖော့စဖရတ် ၄ ဒသမ ၃ မှ ၅ ဒသမ ၂ ဂရမ်၊ ဆာလဖာဓာတ် ၄ ဒသမ ၂ မှ ၉ ဒသမ ၆ ဂရမ်၊ ဇင့်ဓာတ် ၁၄ ဒသမ ၆ မှ ၂၃ ဂရမ်၊ သံဓာတ် ၉၄ ဒသမ ၇၈ မှ ၁၃၀ ဒသမ ၂၃ ဂရမ်၊ ကော့ပါး (ကြေးနီ)ဓာတ် ၆ ဒသမ ၂ မှ ၁၇ ဂရမ်၊ ဘိုရွန်ဓာတ် ၉ ဒသမ ၁၂ မှ ၁၀ ဒသမ ၆၇ ဂရမ်စသဖြင့် နှမ်းရိုး၏ အစိုအခြောက်အခြေအနေအရ ပါဝင်သော အာဟာရဓာတ်အနည်းအများကွာခြားသည်။

သုတေသနပြုလေ့လာချက်များအရ ယေဘုယျအားဖြင့် နှမ်းရိုးပြတ်များတွင် နိုက်ထရိုဂျင် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဖော့စဖရတ် သုည ဒသမ ၂၄ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၂ ဒသမ ၄၀ ရာခိုင်နှုန်းပါရှိသည်။ နှမ်းရိုးသည် အခေါင်းပွဖြစ်ပြီး ဖော့သားကဲ့သို့ဖြစ်သောကြောင့်ဆွေးလွယ်သည်။ ပုံမှန်နှမ်းအထွက်နှုန်းရရှိသော နှမ်းစိုက်ခင်း တစ်ဧကမှ နှမ်းပင်များကို နှမ်းပုံ၊ နှမ်းထောင်၊ နှမ်းခါပြီးနောက်ပိုင်း နှမ်းရိုးတစ်တန်မှ(တစ်တန်ခွဲ) အထိရရှိနိုင်သည်။ ထိုရရှိလာသောနှမ်းရိုးများကို သဘာဝမြေဩဇာအဖြစ်အသုံးပြုပါက စပါးတစ်ဧကစာအတွက် လိုအပ်သော ပိုတက်မြေဩဇာထည့်ပေးခြင်းနှင့်ညီမျှသည်။ ရေရှိသော စပါးစိုက်တန်းများကြားတွင် နှမ်းရိုးများကို လက်တစ်ဆုပ်အရွယ် စည်းနှောင်ပြီး ခြေဖြင့်နင်း၍မြှုပ်ထားပါ။ ရေထဲမြုပ်နေသောနှမ်းရိုးတွင်ရှိသော ပိုတက်စီယမ်ဓာတ်သည် စပါးခင်းထဲသို့ ရောက်ရှိညွှားမည်။ ရေမြုပ်နေသော နှမ်းရိုးများမှာ သုံးရက်ခန့်ကြာလျှင် ပိုတက်စီယမ်အားလုံး၏ ၄၀ ရာခိုင်နှုန်းကို စပါးပင်မှ ရရှိနိုင်သည့်အပြင် နိုက်ထရိုဂျင်နှင့် ဖော့စဖရတ်ဓာတ်များကိုပါရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် သစ်ဆွေးများဖြစ်သောကြောင့် မြေကိုကောင်းမွန်စေသည်။ နှမ်းရိုးကိုစပါးခင်းထဲသို့ထည့်ပြီး သဘာဝမြေဩဇာအဖြစ်အသုံးပြုပါက စပါးအထွက် ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အထွက်တိုးကြောင်းသိရသည်။

စပါးကို နှစ်စဉ်ဆက်တိုက်စိုက်ပျိုးသော တချို့မြေများသည် စိမ့်ကိုင်မြေ၊ ဒုံပေါက်မြေဖြစ်တတ်သည်။ အဆိုပါမြေများကို ပြုပြင်ရာတွင် စပါးသီးနှံစိုက်ပျိုးခြင်းကို တစ်ရာသီလုပ်ထားပြီး နှမ်းရိုးများကို စိုက်ခင်းထဲသို့ ညီညီညာညာဖြန့်ချထားရမည်။ အနည်းဆုံး နှစ်နှစ်ဆက်တိုက် နှမ်းရိုးများကို လယ်ကွက်ထဲသို့ ထည့်ပေးပါက မြေပြန်ကောင်းလာသည်ကို တွေ့ရသည်။ နှမ်းရိုးများကို မြေဩဇာအဖြစ်

စာမျက်နှာ ၂၆ သို့ ❐

နှမ်းစိုက်ပျိုးထုတ်လုပ်မှု (၂၀၂၀)

နိုင်ငံ	ထုတ်လုပ်မှု (တန်ချိန်)
ဆူဒန်	၁,၅၂၅,၁၀၄
မြန်မာ	၇၄၀,၀၀၀
တန်ဇန်နီးယား	၇၁၀,၀၀၀
အိန္ဒိယ	၆၅၈,၀၀၀
နိုင်ဂျီးရီးယား	၄၉၀,၀၀၀
ကမ္ဘာ့ထုတ်လုပ်မှု	**၆,၈၀၃,၈၂၄**

❐ **စာမျက်နှာ ၂၅ မှအဆက်**

အသုံးပြုရန်အတွက်စိုက်ခင်းထဲသို့ထည့်ရာတွင် နှမ်းရိုးအပိုင်းအစများဖြစ်အောင် ခုတ်စဉ်းခြင်း၊ ခြွေလှေ့စက်ဖြင့် ခြွေလှေ့ပိုင်းဖြတ်ခြင်းများပြုလုပ်၍ စိုက်ခင်းထဲသို့ ညီညာစွာဖြန့်ထည့်ပေးနိုင်သည်။ ဤနည်းမှာ ဆွေးမြည့်မှုကြာနိုင်ပြီး မိုးရွာလျှင်သော်လည်းကောင်း အစိုဓာတ် ရှိနေလျှင်သော်လည်းကောင်း ဆွေးမြည့်လွယ်သည်။ ထို့ပြင် ကုန်ကျစရိတ် (ခုတ်စဉ်းခ၊ ခြွေလှေ့ခ) များနိုင်သည်။

ဒုတိယနည်းမှာ နှမ်းရိုးကို မြေဆွေးပုံပြုလုပ်ပြီးမှ စိုက်ခင်းထဲသို့ထည့်ပေးသောနည်းဖြစ်သည်။ နှမ်းရိုးနှင့်အတူ နွားချေးဆွေးအမှုန့်၊ မီးဖိုပြာ၊ ဖွဲနု၊ သကာရည်၊ ပဲဖတ်၊ နှမ်းဖတ်၊ စပါးခွံ၊ ဆန်ကွဲ၊ အီးအမ်များနှင့်ရောနှော၍ မြေဆွေးပုံပြုလုပ်ခြင်းဖြစ်သည်။ နှမ်းရိုးကိုမြေဆွေးပုံပြုလုပ်ပြီးမှ စိုက်ခင်းထဲသို့ဖြန့်၍ ထည့်ခြင်းကို ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာအနီးအနားရွာများတွင် အသုံးပြုလေ့ရှိသည်ကို တွေ့ရှိခဲ့သည်။ နှမ်းရိုးမြေဩဇာအကျိုးရှိကြောင်း သိရှိကြသောကြောင့် ထိုနယ်တစ်ဝိုက်တွင် နှစ်စဉ်နှမ်းရိုးမြေဆွေးပုံ ၁၅၀-၂၀၀ ခန့် တောင်သူများကိုယ်တိုင်ပြုလုပ်အသုံးပြုနေကြပြီဖြစ်သည်။ ထိုဒေသတွင် နှမ်းရိုးကိုခြွေလှေ့စက်ဖြင့်ခုတ်စဉ်းပါက ခြွေလှေ့ခအတွက် ကုန်ကျစရိတ်များသဖြင့် ကုန်ကျစရိတ်သက်သာသောနည်းကိုအသုံးပြုကြသည်။ ထိုနည်းမှာ နှမ်းရိုးများအပေါ် ဝွန်ဒေါင်းစက်ဖြင့် ၃-၄ ကြိမ်ခန့်တက်မောင်းလိုက်သောအခါ နှမ်းရိုးအပိုင်းအစများဖြစ်ကုန်သည်။ ရရှိလာသောနှမ်းရိုးအပိုင်းအစများကို အထက်ပါပစ္စည်းများနှင့်ရောနှော၍ မြေဆွေးပုံပြုလုပ်သည်။ နှစ်လခန့်ကြာသောအခါ မြေဆွေးအဖြစ်အသုံးပြုနိုင်ပြီဖြစ်သည်။

နှမ်းရိုးဖြင့်သဘာဝမြေဩဇာပြုလုပ်ပုံအဆင့်ဆင့်မှာ နှမ်းရိုးများနှင့်တိရစ္ဆာန်အညစ်အကြေးများကို အလွှာလိုက်စုပုံရမည်။ ထိုသို့စုပုံရာ၌စုပုံရမည့်အလွှာထပ်များအား သဘာဝမြေဆွေးပုံသည့်အတိုင်း အခြေခံအားဖြင့်စုပုံနိုင်သည်။ ပထမအလွှာတွင် နှမ်းသီးနှံပင်အရိုးအရွက်ခြောက်များကို ၈-၁၀ လက်မခန့်အထူရသည်အထိဖြန့်ခင်းရသည်။ ဆွေးမြည့်စေရန်အကူပစ္စည်းများအဖြစ် နုန်းမြေမှုန့်၊ နွားချေးနှင့်ပြာမှုန့်များကို ရေတွင်ပျစ်ပျစ်ဖျော်၍ အပုံပေါ်သို့ ပက်ဖျန်းပေးရမည်။ ဒုတိယအလွှာတွင် စိမ်းစိုသောပေါင်းမြက်များ၊ အရွက်များ၊ ပင်စည်များ၊ သစ်သီးပုပ်များ၊ အပင်ကြီးများမှ အကိုင်း၊ အခက်၊ အရွက်များကိုဓားဖြင့်စဉ်း၍အသုံးပြုနိုင်သည်။ အလွှာ၏ထုမှာ ၈ လက်မမှ ၁၀ လက်မအထိရှိရမည်။ ထိုအလွှာပေါ်တွင် ရေလောင်းရန်မလိုပါ။ တတိယအလွှာတွင် နွားချေး၊ ကြက်ချေး၊ ဝက်ချေး စသည်များကို အခြောက်ဖြစ်စေ၊ အစိုဖြစ်စေ နှစ်မျိုးစလုံးကို မြေကြီး၊ သစ်ဆွေးများနှင့် ရောနှော၍ ၂-၄ လက်မအထိရရှိအောင် ပြုလုပ်ပါ။

အကယ်၍ တိရစ္ဆာန်အညစ်အကြေးအနည်းငယ်သာရရှိနိုင်ပါက ရေဖျော်၍ ၁/၂ လက်မထိရရှိအောင်လောင်းပေးပါ။ အလွှာများကို အစဉ်အတိုင်းတစ်ထပ်ပြီးတစ်ထပ် စုပုံပြီး ၃ ပေခွဲ ၄ ပေခန့်မြင့်သည်အထိ လိပ်ခုံးပုံသဏ္ဌာန်စုပုံရမည်။ နှမ်းရိုးမြေဆွေးပုံ၏အမြင့်သည် ၄ ပေခွဲကျော်ပါက အောက်ဆုံးလွှာရှိ အဏုဇီဝများကောင်းစွာအလုပ်မလုပ်၍ ဆွေးမြည့်မှုနောက်ကျမည်ဖြစ်သည်။ နှမ်းရိုးမြေဆွေးပုံတွင် လေဝင်လေထွက်ကောင်းမွန်စေရန်အတွက် ဒေါင်လိုက်ဝါး သို့မဟုတ် တုတ်များစိုက်ထားရမည်။

နှမ်းရိုးမြေဆွေးပုံအစိုဓာတ်ရရှိစေရန်နှင့် တိရစ္ဆာန်များမဖျက်ဆီးနိုင်ရန်အတွက် အကာအကွယ်ပေးရန် လိုအပ်သည်။ မြေဆွေးပုံကို မိုးရေများစိမ့်မဝင်စေရန်နှင့် အပူဓာတ်ထိန်းသိမ်းရန်ရွံ့စေး သို့မဟုတ် ပလတ်စတစ်ဖြင့်ဖုံးအုပ်ထားပါ။ မြေဆွေးပုံမပျက် စီးစေရန် အောက်ခြေတွင် ကျောက်တုံးများစီခြင်း သို့မဟုတ် အကာအရံပြုလုပ်ခြင်းဆောင်ရွက်ပါ။ နှမ်းရိုးမြေဆွေးပုံ၏ အလယ်သားများဆွေးမြည့်လာပါက အပုံကို အထက်အောက်လှန်ပေးပြီး ရေအနည်းငယ်ဖျန်းပေးပါ။ ယခင်မြေဆွေးပုံအမြင့်၏ တစ်ဝက်ခန့်ရှိ၍ အတွင်းသားအရောင်ညိုမဲကာ အနံ့ဆိုးများ ပျောက်သွားပါက သဘာဝမြေဩဇာအဖြစ်သုံးစွဲနိုင်ပြီဖြစ်သည်။

သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများမှာ မြေဆီလွှာကောင်းမွန်ထက်သန်စေရန် လိုအပ်သောသစ်ဆွေးဓာတ်များကိုပေးနိုင်ခြင်း၊ မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ ပိုမိုကောင်းမွန်စေခြင်း၊ စေးသောမြေကိုဖွယ်စေ၍ဖွယ်သောမြေကိုစေးစေခြင်း၊ မြေဆီလွှာအတွင်း အစိုဓာတ်ကိုပိုမိုထိန်းသိမ်းထားနိုင်ခြင်း၊ မြေ၏အချဉ်အငန် (pH)ဓာတ်ကိုထိန်းညှိပေးခြင်း၊ မြေတွင်းအဆိပ်အတောက်များကို ဓာတ်ပြယ်စေခြင်း၊ အပင်အတွက်လိုအပ်သောအာဟာရဓာတ်များကို ဖြည်းဖြည်းနှင့်မှန်မှန်ပေးနိုင်ခြင်း၊ သီးနှံပင်အမြစ်များအတွက် လေဝင်လေထွက်ကောင်းမွန်စေခြင်း၊ အပင်အတွက်အဓိကလိုအပ်သောအာဟာရဓာတ်အပြင်အနည်းလိုအာဟာရဓာတ်များပါ ပါဝင်သဖြင့် အရည်အသွေးပြည့်ဝသောသီးနှံများထုတ်လုပ်နိုင်ခြင်း၊ ပမာဏများများထည့်သွင်းသော်လည်း အပင်များအား မြေဩဇာလောင်မှုမဖြစ်ပေါ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများထုတ်လုပ်နိုင်ခြင်း၊ သဘာဝမြေဩဇာကိုအသုံးပြုခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမဖြစ်ပေါ်ခြင်း၊ ဓာတ်မြေဩဇာယယူရသည့်ကုန်ကျစရိတ် လျော့ချနိုင်ခြင်း အကျိုးရလဒ်များကိုရရှိနိုင်သည်။

ဆွေးမြည့်သွားသောနှမ်းရိုးတစ်တန်မှ အပင်အာဟာရဓာတ်သည် ပိုတက်စီယမ် ဓာတ်မြေဩဇာ ၃၅ ပေါင်၊ ယူရီးယားဓာတ်မြေဩဇာ ၂၅ ပေါင်၊ တီစူပါဓာတ်မြေဩဇာ ၅ ပေါင်နှင့်ညီမျှသည်ဟု ဆိုသည်။ နှမ်းရိုးတွင် နိုက်ထရိုဂျင် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဖော့စဖရပ်သူည ဒသမ ၂၄ ရာခိုင်နှုန်း၊ ပိုတက် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ သစ်ဆွေးဓာတ်၉၆ ရာခိုင်နှုန်းနှင့် ကာဗွန်နိုက်ထရိုဂျင် (၃၇ အချိုး ၁) ရှိကြောင်း သုတေသနပြုတွေ့ရှိထားသည်ဟုလည်း သိရသည်။ နှမ်းရိုးများကို မြေဩဇာအဖြစ် အသုံးပြုပါက အာဟာရဓာတ်များလုံလောက်စွာရရှိခြင်း၊ ဓာတ်မြေဩဇာကုန်ကျစရိတ်လျော့ချနိုင်ခြင်းနှင့် မြေဆီလွှာဖွဲ့စည်းပုံကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် နှမ်းရိုးများကိုစွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများမပြုလုပ်ဘဲ အာဟာရဓာတ်များစွာပါရှိသောနှမ်းရိုးများကို သဘာဝမြေဩဇာအဖြစ် အကျိုးရှိအောင် မိမိစိုက်ခင်းတွင် ပြန်လည်အသုံးချသင့်ကြောင်း အကြံပြုလိုက်ရပါသည်။ ။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဆိုင်းဘုတ်စိုက်ထူခြင်းဆောင်ရွက်

ပူတာအို မေ ၃

ကချင်ပြည်နယ် ပူတာအိုမြို့ ပြည်သူ့ဆေးရုံ၌ မေလ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူခြင်းနှင့်အာဟာရဒါနလှူဒါန်းခြင်းများကိုမေလ ၂ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတိတု ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၈ ဦးက ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ အမှိုက်သရိုက်များ စနစ်တကျရှင်းလင်းပေးခြင်းများဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဆေးဝါးကုသမှုခံယူနေသော လူနာများ စိတ်အေးချမ်းစွာဆေးဝါးကုသမှုခံယူနိုင်ရေး အတွက် ကြက်သားဆန်ပြုတ်အာဟာရဒါနလှူဒါန်းပေးခြင်းနှင့် နှစ်(၈၀)ပြည့်အထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူခြင်းများကို စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



လားရှိုးမြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပ

လားရှိုး မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျောင်းသား၊ကျောင်းသူ လူငယ်လူရွယ်များ ယဉ်ကျေးသိမ်မွေ့လာစေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေလ ၂ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့မပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဦးဓမ္မဥာဏမှ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ သြဝါဒစကားမြွက်ကြားသည်။

ဆက်လက်၍ လားရှိုးခရိုင်ပညာရေးမှူး ဦးအေးဝင်းက အမှာစကားပြောကြားပြီး အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေကြိုင်က ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးအေးဝင်းနှင့်တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်မည့် ကျောင်းသား၊ကျောင်းသူများအား စာရေးကိရိယာများပေးအပ်ပြီး ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းနည်းပြဆရာမကြီး လေးဦးဖြင့် မေလ ၂ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၂၀၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

ငဖဲမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေး

ငဖဲ မေ ၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်တွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရောဂါကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် ကျွဲနွားတိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းကို မေလ ၃ ရက် နံနက်ပိုင်းတွင် ပန်းထိမ်းကျေးရွာအုပ်စု သီပေါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ငဖဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာချစ်ချယ်ရီစိုးက သီပေါကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူများနှင့်တွေ့ဆုံ၍ ပေါင်ပုပ်လက်ပုပ်ရောဂါအကြောင်း၊ ရောဂါဖြစ်ရသည့်အကြောင်းရင်း၊ ရောဂါလက္ခဏာများနှင့် မွေးမြူထားသည့် ကျွဲနွားတိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကောင်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ငဖဲမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာချစ်ချယ်ရီစိုးနှင့် ဝန်ထမ်းများ၊ တိရစ္ဆာန်အကူလုပ်သားများပူးပေါင်း၍ အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် သီပေါကျေးရွာရှိ နွားကောင်ရေ ၁၂၃ ကောင်အား ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းနာရောဂါကာကွယ်ဆေးများကို အခမဲ့ကွင်းဆင်းထိုးနှံကြောင်း သိရသည်။

မယု(ငဖဲ)

MWD Variety Channel

၄-၅-၂၀၂၆(တနင်္လာနေ့)

၁။ ၁၀:၅၀ - Countries of the World

၂။ ၁၁:၃၅ - သောတဆင်စရာတေးမြန်မာ

၃။ ၁၂:၂၀ - Knowledge Note

၄။ ၁၄:၃၅ - သတိမမူ ဂူမခြင်

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်



ပဲခူး မေ ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မေလ ၂ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် အုတ်ဖိုမြို့မိုးညိုတန်းရပ်ကွက်ရှိ ဦးလွင်ဆန်းမြင့်၏ DEKO အမှတ်တံဆိပ် အဆင့်မြင့်ဘိုကာရီ သဘာဝမြေဩဇာတောင့်ထုတ်လုပ်သည့် အလုပ်ရုံသို့ သွားရောက်ကြည့်ရှုပြီး သီးနှံအမျိုးအစားလိုက် ခွဲခြားထုတ်လုပ်နိုင်ရေး၊ သဘာဝမြေဩဇာကို အချိန်ကိုက်အချိုးညီ သုံးစွဲနိုင်စေရေး၊ ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာဝယ်ယူရရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မင်းလှမြို့နယ် ရွှေဝါမြိုင်နည်းပညာပြန့်ပွားရေးစင်တာ၌ ရိုဘက်စတာကော်ဖီပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုပြီး ပျိုးပင်အားလုံး လာမည့်မိုးရာသီအမီ ဖြန့်ဝေပေးရန်၊ ရှင်သန်အောင်ပြုစုစောင့်ရှောက်ရန်နှင့် ကော်ဖီပျိုးပင်များ ဖြန့်ဝေရာတွင် စိုက်ပျိုးနည်းစနစ်နှင့် ဈေးကွက်ရရှိမှုကိုလည်း တစ်ပါတည်းရှင်းလင်းပြောကြားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တာဝန်ရှိသူများသည် မင်းလှမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်၊ Unique Identification Number နှင့် Biometric အချက်အလက်များ နေ့ချင်းပြီး ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ကျွဲသတ်ကျေးရွာအုပ်စု၌ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် တောင်သူကိုယ်တိုင် သဘာဝရွက်ဖျန်းမြေဩဇာပြုလုပ်၍ စိုက်ပျိုးထားသည့် စပါးမျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုကာ စိုက်ပျိုးစရိတ် သက်သာပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အကျိုးရှိသဖြင့် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသတွင်း တောင်သူများကို သဘာဝမြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး အသိပညာပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ (၄၁၀)

ရန်ကုန်စတော့အိတ်ချိန်း၌ အီလက်ထရောနစ်ဆိုင်ရာ ကုမ္ပဏီတစ်ခု စာရင်းဝင်နိုင်ရန် ပြင်ဆင်

ရန်ကုန် မေ ၃

ယခုနှစ်တွင် ရန်ကုန်စတော့အိတ်ချိန်း (YSX) ဈေးကွက်အတွင်း အီလက်ထရောနစ်ဆိုင်ရာ ကုမ္ပဏီတစ်ခု စာရင်းဝင်နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

"ဒီနှစ်အတွင်းမှာ ရန်ကုန်စတော့အိတ်ချိန်းကို ကုမ္ပဏီတစ်ခုဝင်ရောက်လာဖို့ ရှိပါတယ်။ ဒီကုမ္ပဏီက ခေတ်မီအီလက်ထရောနစ်ပစ္စည်းတွေနဲ့ ကျန်းမာရေးဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းတွေကို တင်သွင်းဖြန့်ချိနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် အဆိုပါကုမ္ပဏီကို ရန်ကုန်စတော့အိတ်ချိန်း Main Board ၌ စာရင်းဝင်အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ရန် လိုအပ်သည်များ ပြင်ဆင်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်ဖြစ်သော Pre-listing Board ၌ စာရင်းဝင်အဖြစ် လုပ်ကိုင်နိုင်ရန် ပြင်ဆင်နေသော ကုမ္ပဏီတချို့လည်းရှိကြောင်း သိရသည်။

စတော့ဈေးကွက်အတွင်း စတော့ရှယ်ယာရောင်းချမည့် ကုမ္ပဏီများအနေဖြင့် စံသတ်မှတ်ချက် ၁၇ ချက်နှင့် ပြည့်မီရမည်ဖြစ်ပြီး စာရင်းဝင်အကြိုကုမ္ပဏီ (PBL)မှာ စံသတ်မှတ်ချက် ရှစ်ချက်ခန့် ပြည့်မီရမည်ဖြစ်သည်။

PBL စာရင်းဝင် အကြိုဈေးကွက်တွင် စတင်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့် နောက်ငါးနှစ်အတွင်း Listed Company ဝင်နိုင်ရန်ပြင်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။ ဖြူဖြူ

အိမ်မဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် နေကြာကေအားလုံး ရိတ်သိမ်းပြီးစီး

အိမ်မဲ မေ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက အိမ်မဲမြို့နယ်၌ နေကြာ ၂၃၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ နေကြာစိုက်ခင်းများကို ယခုနှစ် မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၆ ဒသမ ၂၇ တင်းခန့်ထွက်ရှိကြောင်း သိရသည်။



''အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ၂၃၁၆ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေကို စတင်မျှဝေစိုက်ပျိုးမိ ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ နေကြာများအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခဲ့ခြင်း၊ မြေဆီလွှာပြုပြင်မှုများဆောင်ရွက်ပေးခြင်းအပြင် စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုမှုမှန်ကန်စေရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သုတကျော်

မြန်မာ့ပေါ်ဆန်းဆန်ကို အမေရိကန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်နေ

ရန်ကုန် မေ ၃

မြန်မာ့ပေါ်ဆန်းဆန်ကို အမေရိကန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ယခုကဲ့သို့ ပေါ်ဆန်းဆန်တင်ပို့နိုင်ရန် Virtual စနစ်ဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အမေရိကန်နိုင်ငံ Well Luck Co., Ltd. မှ ကိုယ်စားလှယ်များ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံသို့ မြန်မာ့ပေါ်ဆန်းဆန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်မည့်လုပ်ငန်းစဉ်များနှင့် အမေရိကန်နိုင်ငံ၏ FDA ဆိုင်ရာလိုအပ်ချက်များကို နှစ်ဖက်အပြန်အလှန်ဆွေးနွေးနေကြခြင်းဖြစ်သည်။

ဆက်လက်ပြီး အမေရိကန်နိုင်ငံသို့ မြန်မာ့ပေါ်ဆန်းဆန်နမူနာကို ဦးစွာပေးပို့ပြီး အစပျိုးအနေဖြင့် ကွန်တိန်နာတစ်စီးခန့် တင်ပို့မည်ဖြစ်သည်။

ပြည်ပနိုင်ငံအသီးသီးသို့ မြန်မာ့ဆန်တင်ပို့ရာတွင် ပို့ကုန်မြှင့်တင်နိုင်ရန် အထူးဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆန်ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ပို့ကုန်လျာထားချက်များ၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ ပြည်ပတင်ပို့ရာတွင် တွေ့ကြုံနေရသည့်စိန်ခေါ်မှုများ၊ အခက်အခဲများ၊ Rice Export Zone ဖော်ဆောင်ရေး ကိစ္စရပ်များကို ကြိုတင်ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူဖြူ

ပုသိမ်မြို့ ဘိုကနောင်ဈေး၌ ပလတ်စတစ်အစားထိုးပစ္စည်းများအသုံးပြုနိုင်ရေး အသိပညာပေး

ပုသိမ် မေ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ ဘိုကနောင်ဈေး၌ မေလ ၃ ရက်တွင် ဈေးရောင်းဈေးဝယ်များ ပလတ်စတစ်အစားထိုးပစ္စည်းများ အသုံးပြုနိုင်ရေး အသိပညာပေးဆောင်ရွက်သည်။

ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ပုသိမ်မြို့ ဘိုကနောင်ဈေးရှိ ဈေးရောင်းဈေးဝယ်များအနေဖြင့် ပလတ်စတစ်အိတ်များ သုံးစွဲမည့်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောဖက်၊ ဗာဒံရွက်၊ စက္ကူ စသည့်ပစ္စည်းများဖြင့် အစားထိုးသုံးစွဲကြရန်နှင့် ပလတ်စတစ်အိတ်များကြောင့် ဖြစ်ပေါ်လာသောဆိုးကျိုးများကို အသိပညာပေးပြောကြားပြီး ပလတ်စတစ်အစားထိုး အသုံးပြုနိုင်ရန် စက္ကူအိတ်အကြီး၊ အသေးနှင့် ပလတ်စတစ်လျှော့ချသုံးစွဲရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ပုသိမ်မြို့ စည်ပင်သာယာဈေးများအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျော့ချရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကျော်ဟိန်း(ပြန်/ဆက်)

အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် တစ်ရာသီသာကစားခဲ့ရပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ အစ်ဂုစ်အသင်း ပြန်လည်တန်းတက်နိုင်ခဲ့



လန်ဒန် ၊ မေ ၃

အစ်ဂုစ်အသင်းသည် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် တစ်ရာသီသာကစားခဲ့ရပြီး လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်တန်းတက်နိုင်ခဲ့ကြောင်း သိရသည်။

အစ်ဂုစ်အသင်းသည် ယခုဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး နောက်ဆုံးပွဲစဉ်တွင် ကျူပီအာအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ကာ လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခြင်းဖြစ်သည်။

အစ်ဂုစ်အသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၈ ပွဲကစားခဲ့ရာ လေးပွဲသာအနိုင်ရရှိပြီး ၁၀ ပွဲသရေနှင့် ၂၄ ပွဲအထိ ရှုံးနိမ့်ကာ ရမှတ် ၂၂ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁၉)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ရာသီသာကစားခဲ့ရပြီး အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ပြန်လည်တန်းဆင်းခဲ့ရသည်။

အစ်ဂုစ်အသင်းသည် ယခုဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိကာ ၄၆ ပွဲကစားရာတွင် ၂၃ ပွဲအနိုင်ရရှိခဲ့ပြီး ၁၅ ပွဲသရေရလဒ်နှင့် ရှစ်ပွဲရှုံးနိမ့်ခဲ့ကာ ရမှတ် ၈၄ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး နောက် လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တစ်ရာသီအကြာတွင် ပြန်လည်တန်းတက်ခွင့်ရရှိခြင်းဖြစ်သည်။

ယခုဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ကိုဗင်ထရီအသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး အစ်ဂုစ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်လာနိုင်ပြီး အဆင့်(၃)နေရာမှ မီဝေါလ်အသင်း၊ အဆင့်(၄)နေရာမှ ဆောက်သမ်တန်အသင်း၊ အဆင့်(၅)နေရာမှ မစ်ဒယ်ဘရော့အသင်းနှင့် အဆင့်(၆)နေရာမှ ဟူးလ်စီးတီးအသင်းတို့မှာ PLAY-OFF အဆင့် ဆက်လက်ကစားရမည်ဖြစ်ကာ အနိုင်ရရှိမည့်အသင်းတစ်သင်းသာ ကိုဗင်ထရီအသင်း၊ အစ်ဂုစ်အသင်းတို့နှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref;Fotmob

ဂျာအိုပက်ဒရိုကိုရောင်းချရန် အစီအစဉ်မရှိကြောင်း ချယ်လ်ဆီးအသင်းကြေညာ

လန်ဒန် ၊ မေ ၃

ချယ်လ်ဆီးအသင်းက အဓိကတိုက်စစ်ကစားသမား ဂျာအိုပက်ဒရိုကို ရောင်းချမည်မဟုတ်ဘဲ ကမ်းလှမ်းမှုများရှိလာပါကလည်း ပယ်ချမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ဂျာအိုပက်ဒရိုသည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဘရိုက်တန်အသင်းမှ ချယ်လ်ဆီးအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုဘောလုံးရာသီ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြပြီး ဂိုးများသွင်းယူနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ် ပါဝင်နေသူဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဘာစီလိုနာအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ၀ါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီး၏နေရာတွင်အစားထိုးရန် ကစားသမားရှာဖွေမှုများ လုပ်ဆောင်နေပြီး ဂျာအိုပက်ဒရိုကို ခေါ်ယူရန်ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းက ရောင်းချမည်မဟုတ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ဂျာအိုပက်ဒရိုသည် ချယ်လ်ဆီးအသင်းနှင့်အတူ ၄၉ ပွဲပါဝင်ကစားခဲ့ပြီး ၂၂ ဂိုးအထိသွင်းယူထားကြောင်း သိရသည်။ ***Ref;Top Skills Sports UK***

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရွှေလက်အိတ်ဆုကို အာဆင်နယ်အသင်းဂိုးသမား ရိုင်ယာ ဆွတ်ခူးနိုင်ရန်နီးစပ်နေ



လန်ဒန် ၊ မေ ၃

အာဆင်နယ်အသင်းဂိုးသမား ရိုင်ယာသည် အာဆင်နယ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရွှေလက်အိတ်ဆုကို ဆွတ်ခူးနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

ဂိုးသမား ရိုင်ယာသည် ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြလျက်ရှိကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၅ ပွဲကစားပြီးချိန်တွင် ၁၇ ပွဲအထိ ဂိုးမပေးရအောင်စွမ်းဆောင်နိုင်ပြီးနောက် ရွှေလက်အိတ်ဆုဆွတ်ခူးနိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ရွှေလက်အိတ်ဆုကို ရာသီအကုန်တွင် ဂိုးမပေးရသည့်ပွဲစဉ်အများဆုံးပိုင်ဆိုင်ထားသည့်ဂိုးသမားကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ရာ အာဆင်နယ်အသင်းဂိုးသမား ရိုင်ယာက ၁၇ ပွဲအထိ ဂိုးမပေးရအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ၎င်း၏နောက်တွင် မန်စီးတီးအသင်းမှ ဂိုးသမား ဒွန်နာရမ်မာက ၁၃ ပွဲ၊ ခရစ္စတယ်ပဲလေ့စ်အသင်းဂိုးသမား ဟက်ဒါဆန်၊ အဲဗာတန်အသင်းဂိုးသမား ပစ်ဖို့ဒ်တို့က ၁၁ ပွဲစီနှင့် ဘရန့်ဖို့ဒ်အသင်းဂိုးသမား ကယ်လာက ၁၀ ပွဲဖြင့် ရပ်တည်လျက်ရှိသည်။

ဂိုးသမား ရိုင်ယာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ဂိုးမပေးရသည့်ပွဲ ၁၆ ပွဲဖြင့်လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ၁၃ ပွဲဖြင့်လည်းကောင်း ရွှေလက်အိတ်ဆုကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရွှေလက်အိတ်ဆုကို တတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ရန်နီးစပ်နေကြောင်း သိရသည်။ ***Ref;Fabrizio Romano***

နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းမှထွက်ခွာမည့် ဂေါ်ဒွန်ကို ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူရန်ကြိုးပမ်း

လန်ဒန် ၊ မေ ၃

ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းမှထွက်ခွာမည့် တိုက်စစ်ကစားသမား ဂေါ်ဒွန်ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ဂေါ်ဒွန်သည် ၂၀၂၂ ခုနှစ်က အဲဗာတန်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြနိုင်သူဖြစ်ကာ ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၆ ပွဲကစားပြီးချိန်တွင် ၁၇ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုငါးကြိမ် ပြုလုပ်ထားသူဖြစ်သည်။

နယူးကာဆယ်အသင်းနှင့် ဂေါ်ဒွန်တို့၏ စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း နယူးကာဆယ်အသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်မည်ဖြစ်သည့်အတွက် ဂေါ်ဒွန်ကိုယ်တိုင်က လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိမည့်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားလိုနေခြင်းဖြစ်သည်။

ဂေါ်ဒွန်ကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေပြီး ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းကပါ ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းမှ အိုလီဆီအနေဖြင့် အနာဂတ်မရေမရာဖြစ်နေသောကြောင့် ၎င်း၏နေရာတွင် ဂေါ်ဒွန်နှင့် အစားထိုးလိုနေသည့်အတွက် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများနှင့်အပြိုင် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano

မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လျှပ်စီးလက်မှုဖြစ်ပွားစဉ် အိမ်အပြင်တွင်ရှိနေလျှင်

၁။ မိမိနေထိုင်သောနေရာအနီးတစ်ဝိုက်တွင် မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိပါက အိမ်အတွင်း (သို့မဟုတ်) အဆောက်အအုံအတွင်းသို့ဝင်ပါ။



၂။ ကွင်းပြင်သို့မဟုတ် သစ်တောများထဲသို့ရောက်ရှိနေပါက သစ်ပင်ငယ်များရှိနေသည့်အနိမ့်ပိုင်းသို့ ဝင်ရောက်ပြီးအကာအကွယ်ယူပါ။



၃။ ဆဲပင်များထောင်လာသည်ဟုခံစားရပါက ဒူးပေါ်လက်ယှက်တင်၍ ပုဆစ်တုပ်ထိုင်ပါ။ ဝမ်းလျားမမှောက်ပါနှင့်။



၄။ စက်ဘီး/ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။



၅။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။



၆။ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင် မနေပါနှင့်။



၇။ ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။



၈။ လွင်တီးခေါင်ကုန်းပြင်ရှိ သစ်ပင်၊ အဆောက်အအုံအနီးတွင် မနေပါနှင့်။



လျှပ်စီးလက်ခြင်း ဖြစ်ပွားပြီးနောက် လိုက်နာရန်အချက်များ

၁။ မိုးကြိုးပစ်ပြီး နာရီဝက်ခန့်ကြာ ဘေးကင်းလုံခြုံမှုသာအပြင်ထွက်ပါ။



၂။ မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ခြင်းမှ နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထား ကြည့်ရှုနေထိုင်ပါ။



၃။ လျှပ်စစ်မီးကြိုးများပြတ်တောက်ခြင်းကို သတိထား ရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံး သတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိပေးပါ။



၄။ မိုးကြိုးစက်ကွင်းထိထားသော လူနာများအား အမြန်ဆုံး ဆေးအကူအညီ ရရှိရေးဆောင်ရွက်ပါ။

၅။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူ များကို အထူးဂရုပြု ကူညီပါ။



မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် မေ ၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/၈လ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊
၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်၊
တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်း ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းအုပ်စု	လုပ်ငန်းအမျိုးအစား
	တည်ဆောက်ရေး	
(က)	Lot-1	ကျဲကူးနယ်မြေမီးသတ်စခန်း မြေထိန်းနံရံနှင့်သဲဖို့ခြင်း လုပ်ငန်း(၁၄၄၀၀ စတုရန်းပေ x ၂'-၆")၊ အဝင်တံခါး (၁ x ၃၀)ပေနှင့် ခြံစည်းရိုးကာရံခြင်း(၄၅၀ x ၆)ပေ၊ Box-Culvert (၁)စင်း(၃၆'x၆'x၈')ပေ၊ ကွန်ကရစ်လမ်းခင်းခြင်း(၃၆'x၂၂'x၉")၊ ကွန်ကရစ်ခင်းခြင်း(၅၃'x၂၀'x၉")၊ ပြင်ပမီးသွေယ်တန်းခြင်း လုပ်ငန်း၊ Solar မီးတပ်ဆင်ခြင်း၊ ဂါလန်(၂၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန်နှင့် Pump House ဆောက်လုပ်ခြင်း လုပ်ငန်း။
	စက်နှင့်စက်ပစ္စည်းဝယ်ယူရေး	
(ခ)	Lot-1	Communication On The Pause (COTP) without Vehicle (၁)စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၄.၅.၂၀၂၆)ရက်နေ့မှစ၍ စတင်ရောင်းချမည်ဖြစ်ပြီး (၁၇.၅.၂၀၂၆)ရက်နေ့(၁၆၀၀)အချိန် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ဖုန်း(၀၄၂-၂၀၂၅၂၆၊ ၀၄၂-၂၀၂၁၁၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

ပျောက်ဆုံးကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၂)ရပ်ကွက်၊ ပိမိုးနင်း-၂ လမ်း၊ အိမ်အမှတ်-၅၆၃ နေ ဇော်မိုး(ဘ)ဦးမြဝင်း ၁၂/ဥကမ(နိုင်)၀၀၆၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၀၁၄၀

မိဘအမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ အထက(ခွဲ)ငါးပြေမ၊ Grade-8 မှ မောင်ရန်လင်းပိုင်နှင့် ညောင်လေးပင်မြို့နယ်၊ အမက(မူလွန်)စီးဖြူဘုရား၊ Grade-6 မှ မရတီဖြိုးတို့၏ မိဘအမည်မှန်မှာ ဦးနေလင်းအောင် ဂ/ညလပ(နိုင်)၁၈၉၀၉၇ နှင့် ဒေါ်ဝေမာစိုး ဂ/ညလပ(နိုင်)၁၈၉၁၂၅ ဖြစ်ပါကြောင်း။ ဦးနေလင်းအောင်-ဒေါ်ဝေမာစိုး

ပျောက်ဆုံးကြောင်း
တိုက်ကြီးမြို့၊ ဥတိုကျေးရွာအုပ်စု၊ ဥတိုကျေးရွာ၊ ရွာလမ်းနေ ညီညီခန့်(ဘ)ဦးကျော်လင်းအောင် ၁၂/တကန(နိုင်)၂၂၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၈၁၇၆၆၉

ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ မြင့်မိုရ်ရွှေညည်ထွန်း(ဘ)ဦးတင့်နိုင် ၇/ပခန(နိုင်)၅၃၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
မောင်ဟိန်းဇော်ဝင်း(ဘ)ဦးရဲဝင်း ၁၂/အလန(နိုင်)၀၄၀၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၀၈၀၈၄၄

ပျောက်ဆုံးကြောင်း
မောင်ဟိန်းလင်းကို(ဘ)ဦးကျော်ရွှေ ၁၀/ပမန(နိုင်)၁၃၅၁၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၀၈၀၈၄၄

ပျောက်ဆုံးကြောင်း
၀ဝေလွင်(ဘ)ဦးတင့်ဦး ၇/၀မန(နိုင်)၁၆၅၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 201957)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၈၀၅၁၃၇

ပျောက်ဆုံးကြောင်း
မဇင်ဦး(ဘ)ဦးကျော်လွင် ၆/သရခ(နိုင်)၀၈၆၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 908141)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၁၄၂၅၅

ပျောက်ဆုံးကြောင်း
နှင်းနွယ်စိုး(ဘ)ဦးစိုးစိုး ၁၂/လမန(ပြု)၀၀၁၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 323419)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၆၆၃၀၅၇

မိခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ခွဲ)ကန်ချောင်း၀၊ Grade-12 မှ မကြည်တာပို၏ မိခင်အမည်မှန်မှာ ဒေါ်ယုယုခိုင် ၁၄/ငပတ(နိုင်)၂၃၅၃၉၂ ဖြစ်ပါကြောင်း။
ဒေါ်ယုယုခိုင်

ပျောက်ဆုံးကြောင်း
လင်းလင်း(ဘ)ဦးစံကြိုင် ၈/နမန(နိုင်)၁၇၀၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
မင်းခန့်ဇော်(ဘ)ဦးဘိုဇော် ၈/ပဖန(နိုင်)၁၇၇၄၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ခင်လှဃန်း(ဘ)ဦးအောင်စိုးသိန်း ၁၁/ရသတ(နိုင်)၀၄၄၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
နိုင်လင်းထက်(ဘ)ဦးသန်းအောင် ၈/နမန(နိုင်)၁၉၅၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
စိန်ခဲ(ဘ)ဦးမြို့ဆောင် ၈/နမန(နိုင်)၁၆၅၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ဆုသဿဆက်(ဘ)ဦးဌေးဝင်း ၁၀/ဘလန(နိုင်)၁၂၃၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၅၆၆၈၈၀

ပျောက်ဆုံးကြောင်း
မြင့်မြတ်သူ(ဘ)ဦးဇော်မြင့် ၇/လပတ(နိုင်)၁၆၆၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၄၁၄၄၀

ပျောက်ဆုံးကြောင်း
သိန်းမြင့်(ဘ)ဦးထွန်းတင် ၆/လလန(နိုင်)၀၅၇၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ထွန်းထွန်းလင်း(ဘ)ဦးလှမြင့် ၉/မထလ(နိုင်)၂၇၂၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၅၄၃၁၂

ပျောက်ဆုံးကြောင်း
မတင်ဇာစိုး(ဘ)ဦးစိုးသိန်း ၁၀/ပမန(နိုင်)၁၅၆၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ** ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၁၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

အင်ဂါးခွ သကြားစက်မှုထုတ်လုပ်သည်






အင်ဂါးခွ

INNGAGWA

White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

ပဒုမ္မာဆပ်ပြာ

ရေမွှေဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'

ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ဓာတ်မှိုစက်ကြိုးများဖြင့်
အညှော်အသွေးပြည့်ဝီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါကြောင်း...
ဝဠ ၀၉၁ ၈၄၈ ၆၉၉၊ ဝဠ ၀၉၃ ၀၃၂ ၅၁၆

PADONMAR



အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile Showroom	KHA YAE PIN MART	STARMART Mandalay Wholesale	STARMART Nay Pyi Taw
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀	မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅	၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄	ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့ကြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်ဖြင့် အရသာထူး ဒိတ်ရွှင်ကြည်နူး ....

ရွေးချီဉီး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) ဖွင့် BEST Practices Award ကျရောက်သည့် ဂုဏ်ပြီဉီး



Black Tea





Tea Mix



Lemon Tea



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၀၁၈၀၊ ၀၉ ၄၂၀၂၁၉၄၃၆


STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ကျောက်ဆည်မြို့နယ်၌ ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် စီမံကိန်းသီးနှံ ၁၆၈၉ ဧက စိုက်ပျိုးထား



ကျောက်ဆည် မေ ၃


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဇော်ဂျီဆည်ရေသောက်စနစ် တမုတ်မြောင်းရေဖြင့် ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် နွေစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်း စသည့်စီမံကိန်းသီးနှံ ၁၆၈၉ ဧက စိုက်ပျိုးထားကြောင်းသိရသည်။

အဆိုပါ စီမံကိန်းသီးနှံများစိုက်ပျိုးရာတွင် တမုတ်မြောင်းရေဖြင့် လက်ပန်းပင်ကျေးရွာအုပ်စု၌ ၅၂ ဧက၊ မယ်ဇယ်ပင်ကျေးရွာအုပ်စု၌ ၄၈ ဧက၊ တံစိုးကျေးရွာအုပ်စု၌ ၁၅၇ ဧက၊ သူငယ်တော်ကျေးရွာအုပ်စု၌ ၄၅ ဧက၊ ပွတ္တိုင်ကျေးရွာအုပ်စု၌ ၃၅၄ ဧက၊ မြောင်းဦးကျေးရွာအုပ်စု၌ ဧက ၂၁၀၊ အနောက်သာဂရကျေးရွာအုပ်စု၌ ၁၆၇ ဧက၊ ရွာပုလဲကျေးရွာအုပ်စု၌ ၁၀၆ ဧက၊ ကတဲကျေးရွာအုပ်စု၌ ၄၁၈ ဧက၊ ပနန်ကျေးရွာအုပ်စု၌ ၁၃၂ ဧက စုစုပေါင်း **စာမျက်နှာ ၁၇ ကော်လံ ၄ ●**

နိုင်ငံတကာ ရေးရာ

ရေနံအဆောက်အအုံများကို ယူကရိန်းက တိုက်ခိုက်ခြင်းကြောင့် ရေနံဈေးနှုန်းများ ပိုမိုမြင့်တက်လာနိုင်ဟု ရုရှားသတိပေး

စာ - ၂၃ သို့





စာ - ၂၂ သို့

စစ်မီးဂယက်ထဲက မီးဖိုချောင်အတွက် ဇီဝဓာတ်ငွေ့မျှော်လင့်ချက်

နယူးဒေလီမြို့၌ အဲကွန်းပေါက်ကွဲမှုကြောင့် လူကိုးဦးသေဆုံး

စာ - ၂၃ သို့

OPEC+ အဖွဲ့ဝင် ခုနစ်နိုင်ငံက ဇွန်လအတွင်း ရေနံကို တိုးမြှင့်ထုတ်လုပ်မည်

စာ - ၂၃ သို့

အီရန်ပဋိပက္ခအဆုံးသတ်ရေး ပါကစ္စတန်က ဆက်လက်ကူညီပေးနေ

စာ - ၂၂ သို့

နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဧလ)

၃-၅-၂၀၂၆ ထူးခြားသည့်နေ့အပူချိန်များ

မြင်းမူ	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ကော့ကရိတ်	၄၀	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ချောက်	၄၀	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်
တောင်တွင်းကြီး	၃၉	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
မင်းဘူး	၃၉	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ဘားအံ	၃၉	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
(စိုက်ပျိုးရေးမိုးလေဝသ)				
မြင်းခြံ	၃၉	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်
ညောင်ဦး	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မကွေး	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
အောင်လံ	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်

တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ

အင်္ဂလန်ပရီးမီးယားလိဂ်

ဘုန်းမောက်	၃	- ၀	ပဲလေ့
မန်ယူ	၃	- ၂	လီဗာပူး

စပိန်လာလီဂါ

အိုဆာဆူနာ	၁	- ၂	ဘာစီလိုနာ
ဆဲလ်တာဗီဂို	၃	- ၁	အယ်ချီ
ဂီတာဖေး	၀	- ၂	ဗယ်လက်ကာနို

အီတလီစီးရီးအေ

အတ္တလန္တာ	၀	- ၀	ဂျီနိုအာ
ဘိုလော့ဂ်နာ	၀	- ၀	ကက်ဂလီယာရီ
ဆက်ဆူအိုလို	၂	- ၀	အေစီမီလန်

